မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၇၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ကျိုင်းတုံမြို့၌ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ ခင်းကျင်းပြသထားမှုကြည့်ရှု

နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်

နေပြည်တော် ဒီဇင်ဘာ ၈

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဒီဇင်ဘာ ၈ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျိုင်းတုံလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဆောင်ရွက်လျက်ရှိသည့် မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ စီမံကိန်းအင်ဂျင်နီယာ ဦးမင်းစန်းမွန်က မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကျိုင်းတုံ-မိုင်းဆတ်လမ်းပိုင်း *စာမျက်နှာ ၈ ကော်လံ ၁* ■

ဖျက်ဆီးမည့်မူးယစ်ဆေးဝါးများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့၌ ကျင်းပမည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနား၌ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့၌ ကျင်းပမည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ချမ်းမြအေး၏ “စိတ်ရင်းစေတနာမှန်ပြီး ရိုးသားမယ်ဆိုရင်” ဆောင်းပါးကို စာမျက်နှာ (၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

ယနေ့ထုတ် အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၉ ရက်)

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက် အနာဂတ်၏မျိုးဆက်သစ်များ တက်ကြွစွာ ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်အစိုးရသည် မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန် မြန်မာ့ပညာရေးမျှော်မှန်းချက်ကိုချမှတ်ပြီး အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍနှစ်ရပ်လုံးတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန်မျှော်မှန်းပြီး ပြည်ထောင်စုကြီး၏နယ်မြေဒေသအလိုက် အစိတ်အပိုင်းများအားလုံး ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးမှုအခြေခံကောင်းများ ဖြစ်ထွန်းလာစေရန် အခြေခံအဆောက်အအုံများကို ဒေသအလိုက် ဖြန့်ကြက်ထူထောင်ပေးထားပြီးဖြစ်သကဲ့သို့ ဆက်လက်၍လည်း စဉ်ဆက်မပြတ် ထူထောင်ပေးလျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကိုတည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံလိုအပ်ချက်ဖြစ်ရာ အခြေခံပညာကျောင်းများ ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် အခြေခံပညာကျောင်းပေါင်း ၄၀၆၇၉ ကျောင်း ရှိလာခဲ့ပြီဖြစ်သည်။ မူလတန်းကျောင်းများတွင် ရှစ်တန်းအထိသင်ယူနိုင်သည့် မူလွန်ကျောင်းပေါင်း ၆၆၀၁ကျောင်း ရှိခဲ့သည်။ တွဲဖက်အလယ်တန်းကျောင်းနှင့် အလယ်တန်းကျောင်းခွဲပေါင်း ၁၇၂၃ ကျောင်း၊ တွဲဖက်အထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲပေါင်း ၁၀၉၂ကျောင်းအထိ တိုးပွားဖြစ်တည်လာခဲ့သည်။

အခြေခံပညာကဏ္ဍအနေဖြင့် နယ်စပ်ဒေသများပါမကျန် ကျေးလက်ဒေသရှိ စာသင်ကျောင်းများတွင် မာလ်တီမီဒီယာစာသင်ခန်းများဖွဲ့စည်းတည်ထောင်ပေးထားပြီး သင်ယူမှု သင်ကြားမှုနယ်ပယ်တွင် အချိန်ကာလနှင့်ဒေသ အကန့်အသတ်များကိုကျော်လွှား၍ အီလက်ထရွန်နစ်နည်းပညာရပ်များအကျိုးကျေးဇူးဖြင့် မြို့ပြနှင့်ကျေးလက် ပညာသင်ယူမှုအခွင့်အလမ်းများ ဟန်ချက်ညီညီ ဖြစ်ထွန်းလာလျက်ရှိသည်။

နယ်မြေဒေသအလိုက် အဆင့်မြင့်ပညာများကို လက်လှမ်းတမီ သင်ယူနိုင်ရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးခဲ့ရာ ယခင် တက္ကသိုလ်ကောလိပ် ၃၂ကျောင်းသာရှိခဲ့ရာမှ ယခုအခါ ၁၅၉ကျောင်းအထိ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိရာ မျိုးဆက်သစ်လူငယ်များအပိုင်းကလည်း တက်ကြွစွာ ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကန်ရိပ်သာလမ်း အမှတ် (၂၂/ဒီ)နေ ဒုတိယဗိုလ်မှူးကြီးမြသိန်း(ငြိမ်း)-ဒေါ်ခင်နွယ်၊ မြေး မမေသီရိနွယ်မိသားစုက ဒုတိယဗိုလ်မှူးကြီးမြသိန်း(ငြိမ်း)၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေ အက်ဖ်အီးစီ ၁၂၀လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အောင်ယဉ်လှ(ငြိမ်း)၊ အတွင်းရေးမှူး ဦးထွန်းအေးနှင့်အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့က လက်ခံယူကြစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မြဝတီရုပ်မြင်သံကြား

၉-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မေးမြန်းစူးစမ်း
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၂၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅:၃၀ ၉။ ကျန်းမာသုတ
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ Mail Box
- ၆:၃၅ ၁၄။ ကာတွန်းအစီအစဉ် **မော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၂၉)
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၁၈)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှုရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ
- ၂၂။ ရယ်ရွှင်စရာ ဟာသပဒေသာ **ပုံမှန်အတိုင်းပဲနေပါ** အရိုင်း၊ အုန်းသီး၊ ဇေဒါ၊ ကောင်းကျော်၊ ပွင့်၊ နှိုင်းယှဉ်မြင့်မို (ဒါရိုက်တာ မောင်ပြည့်ဝ-ပန်းဝေသီ)
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရုဏ်ဦးအချစ်** (အပိုင်း-၉)

အလုပ်သမားဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့ ရော်ဘာပစ္စည်းစက်ရုံသို့ ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

ရန်ကုန် ဒီဇင်ဘာ ၈

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်မြို့ တာမွေမြို့နယ် အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခိုင်ချိုမြင့် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဒီဇင်ဘာ ၄ရက်က အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ရော်ဘာပစ္စည်းစက်ရုံ သဃ်န်းကျွန်းမြို့နယ်သို့သွားရောက်၍ လူမှုဖူလုံရေးအာမခံအလုပ်သမား ၁၅၂ဦးအားစက်ရုံအရောက်ကွင်းဆင်း၍ ရောဂါရှာဖွေကုသမှုပေးခြင်း၊ အခမဲ့ဆေးဝါးများပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး မေးခိုင်ရောဂါကာကွယ်ဆေးများထိုးပေးကာ ကျန်းမာရေးအသိပညာပေးဟောပြောပွဲတစ်ရပ်လည်း ကျင်းပသည်။ **(အပေါ်ပုံ)** အဆိုပါကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလုပ်ခွင်မပျက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လသာမြို့နယ် အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း၏၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ၂၉ ရက်ကကျင်းပရာ သူငယ်တန်းမှစတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်ပထမဆုရ မောင်အောင်သီဟအား ကျောင်းအုပ်ဆရာမကြီးဒေါ်မူမူဝင်းက ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

ကျိုက်မရောအထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၈

ကျိုက်မရောမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်း စုံညီခန်းမ၌ကျင်းပရန် စီစဉ်ထားသည်။

အာစရိယပူဇော်ပွဲအခမ်းအနားသို့ ကျောင်းသား ကျောင်းသူဟောင်းများနှင့် အပူဇော်ခံ ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဦးရဲမြင့် ဖုန်း-၀၉-၅၁၄၀၅၀၄၊ ဦးခင်အောင် ဖုန်း-၀၁-၂၉၅၄၆၅၊ ဦးကျော်မြင့် ဖုန်း-၀၁-၅၅၇၄၀၈၊ ဒေါ်ရင်ရင်ကြည် ဖုန်း-၀၅၆-၂၂၂၇၁၊ ဦးလှသန်းနိုင်(ကျိုက်မရော)ဖုန်း-၀၉-၈၇၀၁၄၇၁နှင့် ကျောင်းအုပ်ကြီး ကျိုက်မရောအထကတို့သို့ ဆက်သွယ်လှူဒါန်းကြပါရန် ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **တရားထိုင်လို့ တရားရ** တရားတော် (အရှင်ဥတ္တရ ကျိုက်ဒေးယျုံဆရာတော်)
- ၆:၅၀ စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ဗီဒီယိုပြခန်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၂၁)
- ၈:၃၀ Sports World Timber Sport (Part-1)
- ၈:၅၅ Activities in the City (အလက-၁၊ ရန်ကင်း အာစရိယပူဇော်ပွဲ)
- ၉:၁၀ စားချင်စဖွယ် နည်းအသွယ်သွယ် (Tomato & Mozzarella Cheese Salad နှင့် Roast beefchop ပြုလုပ်နည်း)
- ၉:၃၀ အားကစားမြင်ကွင်းစုံ
- ၁၀:၀၀ နိဗ္ဗာန်သို့ရည်မှန်း ကုသိုလ်ယူ မြတ်သောအလှူ
- ၁၀:၂၀ Milestones of Contemporary Music Selection
- ၁၀:၄၀ Industrial Talk
- ၁၁:၀၅ **မင်းမသိသေးပါဘူးကွာ** ရော၊ ငှက်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၁၁:၁၅ လောကကိုအလှဆင်မည့် ပန်းများရဲ့ဥယျာဉ်
- ၁၁:၃၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Lucky Prize Floral Service ၏ ပန်းအလှပြုလုပ်နည်း)
- ၁၁:၅၀ English Language Competition (Part-2) (Advance)
- ၁၂:၁၅ စတိုင်ကျလှပစေတာ Art & T8မှာ
- ၁၂:၄၀ အဓိဋ္ဌာန်ပြုကာ ဆုခြွေမည် ဦးရာဇ်တော်စေတီ
- ၁:၀၀ **တရားထိုင်လို့ တရားရ** တရားတော် (အရှင်ဥတ္တရ ကျိုက်ဒေးယျုံဆရာတော်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (ဘာသာစကားမျိုးစုံတတ်တာ ကောင်းတယ်၊ ဘာသာစကားမျိုးစုံ မတတ်တာ ကောင်းတယ်)
- ၃:၄၀ ပန်းတစ်ပွင့်တောင်မှ ဝိဇ္ဇာတ မွေးနေ့မင်္ဂလာ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၇:၄၀ Milestones of Contemporary Music Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (ဘာသာစကားမျိုးစုံတတ်တာ ကောင်းတယ်၊ ဘာသာစကားမျိုးစုံ မတတ်တာ ကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၂၁)
- ၁၀:၀၀ ခါတ်ပုံထဲမှ အမှတ်တရများ (ခင်လှိုင်၏ခါတ်ပုံထဲမှအမှတ်တရများ)
- ၁၀:၂၀ MRTV-4ကျန်းမာရေးကဏ္ဍ (လိပ်ခေါင်းရောဂါကင်းဝေးရာ သိဖွယ်နည်းလမ်းများ) (အပိုင်း-၁)
- ၁၀:၄၀ သီချင်းကောင်းကောင်းသီချင်းတောင်း
- ၁၁:၀၅ Industrial Talk
- ၁၁:၃၀ ချောင်းမကြီး (မြို့လှ)ရေလှောင်တမံ
- ၁၁:၄၀ JICA Myanmar ၏ မေတ္တာကွန်ရက်များဆီသို့… (အပူပိုင်းဇုန် ကျေးလက်ရေရရှိရေး နည်းပညာစီမံကိန်း) (ဂျန်းလိုးကျေးရွာ)
- ၁၁:၅၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဓမ္မပူဇာတေးနှင့် နိုင်ငံအကျိုးပြု တေးသီချင်းရေးစပ်ကြသည့် တေးရေးပညာရှင်များနှင့် တေးသံရှင်များအားဂုဏ်ပြုပွဲ

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြား

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဓမ္မပူဇာတေးနှင့် နိုင်ငံအကျိုးပြု တေးသီချင်းရေးစပ်ရာတွင် ပါဝင်ကူညီခဲ့ကြသည့် အကြံပေး ပုဂ္ဂိုလ်များ၊ တေးရေးပညာရှင်များနှင့် တေးသံရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (အေ) ခန်းမ၌ ကျင်းပသော ဓမ္မပူဇာတေးနှင့် နိုင်ငံအကျိုးပြု တေးသီချင်းရေးစပ်ရာတွင် ပါဝင်ကူညီခဲ့ကြသည့် အကြံပေးပုဂ္ဂိုလ်များ၊ တေးရေးပညာရှင်များနှင့် တေးသံရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဓမ္မပူဇာတေးနှင့် နိုင်ငံအကျိုးပြု တေးသီချင်း ရေးစပ်ရာတွင် ပါဝင်ကူညီပေးခဲ့သော သာသနာရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တေးသီချင်းရေးစပ်ကြသည့် တေးရေးပညာရှင်များ၊ တေးသံရှင်များနှင့် အနုပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းကဓမ္မပူဇာတေးနှင့်နိုင်ငံအကျိုးပြု တေးသီချင်း ရေးစပ်ရာတွင် ပါဝင်ကူညီပေးခဲ့ကြသော သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ ဖြစ်ကြသော ဦးအုံ့မောင်နှင့် ဦးမင်းကြည်တို့အားလည်းကောင်း၊ အလှူရှင်များဖြစ်ကြသည့် ငွေကျပ် ၂၈သိန်းလှူဒါန်းသော ဦးဝင်းမော် (Forever Group Co.,Ltd.) နှင့် ငွေကျပ် ၁၆ သိန်း လှူဒါန်းသော ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ) တို့အား လည်းကောင်း၊ တရားတော်များ နောက်ခံတေး အသံသွင်းမှုကို ကူညီပေးခဲ့သူ ဦးဝဏ္ဏတင်စိုး (စံပယ်ဦး စတူဒီယို)ကိုယ်စား တေးသံရှင် ဦးသန်းမြတ်စိုးအားလည်းကောင်း၊ မြန်မာသံ ဓမ္မပူဇာတေးရေး ပညာရှင်များကိုယ်စား မြန်မာနိုင်ငံဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးမောင်မောင်လတ်အားလည်းကောင်း၊ မြန်မာသံ ဓမ္မပူဇာတေး သီဆိုသူများ ကိုယ်စား တေးသံရှင်ဒေါ်ထားအားလည်းကောင်း၊ စတီရီယို ဓမ္မပူဇာတေး တေးရေးပညာရှင်များကိုယ်စား တေးရေးပညာရှင် သုခမိန်လှိုင်အားလည်းကောင်း၊ စတီရီယို ဓမ္မပူဇာတေးသီဆိုသူများကိုယ်စား တေးသံရှင် ဟေမာနေဝင်းအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ဂုဏ်ပြုတေးရေး ပညာရှင်များကိုယ်စား တေးရေးပညာရှင်ကြီး ဗိုလ်ကလေးတင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အခမ်းအနားအပြီးတွင် ဝန်ကြီးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၈-၁၂-၂၀၀၉

ဟားခါးမြို့	၀ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၀ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၆ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၆ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၆ ဒီဂရီစင်တီဂရိတ်
အမ်းမြို့	၆ ဒီဂရီစင်တီဂရိတ်
တီးတိန်မြို့	၆ ဒီဂရီစင်တီဂရိတ်
မင်းတပ်မြို့	၇ ဒီဂရီစင်တီဂရိတ်

ညအပူချိန်များ လျော့နည်းလာဖွယ်ရှိ

နေပြည်တော် ဒီဇင်ဘာ ၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ရန်ကုန်တိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၉ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ခုနှစ် နတ်တော်လပြည့်ကျော် ၈ရက် (ဥပုသ်နေ့)

၉-၁၂-၂၀၀၉(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး)(တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၅ ၈။ စိမ်းစိုလန်းဆန်း အုံ့မခန်းရတနာတန်းဝင်ကျွန်းသစ်ပင်
- ၈:၂၅ ၉။ မြူတိမ်ကင်းသောနေ့
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ အကပြိုင်ပွဲ
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄:၄၀ ၅။ သီချင်းကြီးပဒေသာ
- ၄:၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးသံသာ
- ၅:၁၅ ၈။ စည်းကမ်းလိုက်နာဘေးကင်းကွာ
- ၅:၂၅ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၃၅ ၁၀။ စုပါတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
- ၆:၃၅ ၁၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇:၀၀ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇:၄၀ ၁၆။ ဝတ်မှုံတေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၁)
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **ပေးဆပ်ခြင်းသည်** လူမင်း၊ ထက်ထက်မိုးဦး၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၂၂။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်

ကတ္တရာထပ်ပိုးလွှာခင်း

မိုးညှင်း ဒီဇင်ဘာ ၈

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ် ၅၂၂၇၅၀၀ ဖြင့်ဆောင်ရွက်လျက်ရှိသော အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ပေ ၇၂၀×၁၂ပေ လုပ်ငန်းဆောင်ရွက်ရာ လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း နိုဝင်ဘာ ၂၉ ရက်က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးဇင်မင်းထွဋ်က ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ဆေးထိုးဆိုင်ရာ

လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ဆေးထိုးဆိုင်ရာ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေး အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကူးစက်ရောဂါ တိုက်ဖျက်ရေးဗဟိုကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူ ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ရောဂါ ကာကွယ် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံအတွင်း ရောဂါပျံ့နှံ့မှု လုံးဝမရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ရောဂါကာကွယ်ရေးနည်းလမ်းများအနက် သမားရိုးကျ ပြည်သူ့ကျန်းမာရေးနည်းလမ်းများနှင့် ကိုယ်ခံစွမ်းအားမြှင့်တင်ရေးနည်းလမ်းများကိုပါ ဆောင်ရွက်နိုင်ခဲ့သဖြင့် အောင်မြင်မှုရရှိခဲ့ကြောင်း ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကိုယ်ခံစွမ်းအားမြင့်မားစေပြီး ရောဂါဖြစ်ပွားမှုကို ပိုမိုကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေးရရှိလာပါက ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေးထိုးမှုဆိုင်ရာပညာရှင်များအဖွဲ့၏ အကြံပြုချက်အရလည်းကောင်း၊ အာဆီယံနိုင်ငံများ၏ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်အရလည်းကောင်း၊ နိုင်ငံတော်၏ လိုအပ်ချက်အရလည်းကောင်း၊ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်းနှင့် ပြည်နယ်နှင့်တိုင်းများ၌ ကြိုတင်ဆောင်ရွက်ထားရှိရမည့် အနုစိတ် စီမံချက်များ ရေးဆွဲထားရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ကြိုတင်ပြင်ဆင်

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ကူးစက်) ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းက Response to Pandemic (H1N1) 2009 and Pandemic Vaccine Deployment Plan ကို ရှင်းလင်းတင်ပြရာ၌ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ဆက်လက်အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်နှင့် ပြည်နယ်နှင့်တိုင်းများတွင် ကြိုတင်ပြင်ဆင်ထားရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာသန်းထိန်ဝင်းက ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါကာကွယ်ဆေးနှင့်စပ်လျဉ်း၍ ပြည်သူများအတွက် ပြုစုရေးသားထားသော အချက်အလက်များကို ဖတ်ကြားရှင်းလင်း တင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများနှင့် ပြည်နယ်နှင့်တိုင်း ဦးစီးဌာနမှူးများက မိမိတို့ပြည်နယ်နှင့်တိုင်း အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မရှင်းလင်းသည်များနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို မေးမြန်းဆွေးနွေးကြပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးကြရာ ဗဟိုအဆင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

9-12 (03).pmd 1 12/9/2009, 2:50 PM

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ ကိုပင်ဟေဂင်မြို့တွင် ကျင်းပ

ကိုပင်ဟေဂင် ဒီဇင်ဘာ ၈

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ဒီဇင်ဘာ ၇ ရက်က ကိုပင်ဟေဂင်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကို စတင်ကျင်းပနေပြီဖြစ်သည်။ နိုင်ငံတကာမှ အစိုးရအဖွဲ့အစည်းများ လိုက်နာကျင့်သုံးရမည့် လုပ်ငန်းစဉ်များကို ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ထိပ်တန်းအရာရှိ ဝိုင်ဗိုဒီဘိုးက အကြမ်းဖျင်းပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ပြုစုရေးသားနိုင်

ညီလာခံညှိနှိုင်းရေးမှူးများသည် ယခုအခါဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ကမ္ဘာ့ခေါင်းဆောင်များထံမှ အဆိုပြုချက်များကို ယခင်ကထက် ပို၍ ရှင်းရှင်းလင်းလင်း ပြုစုရေးသားနိုင်ပြီဖြစ်ကြောင်းဖြင့်လည်း ဝိုင်ဗိုဒီဘိုးက ပြောကြားသည်။

ချမှတ်ပေး

ယူအင်န်အက်ဖ်စီစီစီသည် ဖန်လုံအိမ်ဓာတ်ငွေ့ထိန်းချုပ်ရေးဆော်ဩရမည့် ပထမဦးဆုံး နိုင်ငံတကာစာချုပ်ဖြစ်သည်။ ယင်းစာချုပ်သည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတကာမိသားစုများအတွက် အခြေခံမူဘောင် ချမှတ်ပေးနိုင်မည့် စာချုပ်လည်းဖြစ်သည်။ **အမ်အင်န်အေဆင်ဟွာ**

ပြောကြား

အစိုးရအဖွဲ့အစည်းများသည် လာမည့်သီတင်းနှစ်ပတ်တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစိန်ခေါ်မှုအတွက် ခိုင်မာပြီး ရေရှည်ခံမည့် တုံ့ပြန်ချက်ကို ပြောကြားနိုင်တော့မည်ဖြစ်ကြောင်း ဝိုင်ဗိုဒီဘိုးက ပြောကြားသည်။

ဝိုင်ဗိုဒီဘိုးသည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်များကွန်ဗင်းရှင်း ယူအင်န်အက်ဖ်စီစီစီ၏ အမှုဆောင်အတွင်းရေးမှူးဖြစ်သည်။

တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ်၌ ဒစ္စနေးရေခဲနှင့် ဆီးနှင်းကမ္ဘာ အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းခွင်ကို ဒီဇင်ဘာ ၇ရက်ကတွေ့ရစဉ်။

(ယင်းအဆောက်အအုံကို ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်နိုင်ရန် ဒီဇင်ဘာ ၂၀ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။) (အင်တာနက်ဓာတ်ပုံ)

ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ဗီယက်နမ်၌ မြင့်တက်လာ

ဟနွိုင်း ဒီဇင်ဘာ ၈

ဗီယက်နမ်နိုင်ငံ၏ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ ၂၀၀၉ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း တန်ချိန် ၅၈၄ ဒသမ ၄သန်းကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ယမန်နှစ် ထိုကာလကထက် ၄ ဒသမ၁ရာခိုင်နှုန်း ပိုမိုကြောင်း အထွေထွေစာရင်းအင်းရုံး ဝက်ဘ်ဆိုက်၌ ဒီဇင်ဘာ ၇ရက်က ဖော်ပြသည်။

မြင့်တက်

ကုန်းလမ်းမှ ကုန်စည်သယ်ယူပို့ဆောင်မှုမှာ တန်ချိန် ၄၂၇သန်း တင်ပို့နိုင်ခဲ့ပြီး ၅ဒသမ၃ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ရေကြောင်း ကုန်စည်သယ်ယူပို့ဆောင်မှုမှာ တန်ချိန် ၁၀၇ ဒသမ၈သန်းရှိပြီး ၂ဒသမ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

လျော့နည်း

*သို့သော် ပင်လယ်ရေကြောင်း ကုန်စည်သယ်ယူပို့ဆောင်မှုနှင့် ရထားဖြင့်ကုန်စည်သယ်ယူပို့ဆောင်မှုမှာ ၂ ရာခိုင်နှုန်းနှင့် ၅ ဒသမ ၂ရာခိုင်နှုန်း အသီးသီးလျော့နည်းခဲ့ကြောင်း သိရသည်။ **(အင်တာနက်)***

အီရန်ကို အမေရိကန်ဖိအားပေးမှု ခေါင်းငုံ့အညံ့ခံမည်မဟုတ်ဟု အီရန်ပါမောက္ခပြောကြား

တီဟီရန် ဒီဇင်ဘာ ၈

အီရန်နိုင်ငံကို အမေရိကန်က ဖိအားပေးခြင်းသည် အချည်းနှီးသာဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ် (၃၀) အတွေ့အကြုံအရ အခက်အခဲများကို ကျော်လွှားနိုင်လိမ့်မည်ဖြစ်ကြောင်း အီရန်နိုင်ငံရေး အကဲခတ်သမား ဆာဒက်ဇီဘာကာလမ်က သုံးသပ်ပြောကြားသည်။

အမေရိကန်အစိုးရသည် အီရန်အစိုးရအပေါ် ဖိအားပေးသည့် မဟာဗျူဟာကို လိုက်နာကျင့်သုံးမည့် အလားအလာမရှိကြောင်း တီဟီရန်တက္ကသိုလ် နိုင်ငံရေးသိပ္ပံပါမောက္ခ ဆာဒက်ဇီဘာကာလမ်က ပါရှန်ရေးရာ ဘီဘီစီအသံလွှင့်ဌာနကို ဒီဇင်ဘာ ၆ရက်က ပြောကြားသည်။

ခေါင်းငုံ့ခံမည်မဟုတ်

*အီရန်နိုင်ငံကို ဖိအားပေးခြင်းသည် ဂျော့ချ်ဒဗလျူဘုရှ်လက်ထက်က အခြေအနေမျိုးကို ပြန်ရောက်သွားရုံသာရှိမည်ဟုလည်း ဆာဒက်ဇီဘာကာလမ်က ပြောကြားသည်။ အီရန်နိုင်ငံ၏ အခြေအနေ မည်မျှပင်ဆိုးစေကာမူ အနောက်အုပ်စု၏ ပိတ်ပင်အရေးယူမှုကို ခေါင်းငုံ့အညံ့ခံမည်မဟုတ်ကြောင်း ဆက်လက်ပြောကြားသည်။ **(အင်တာနက်)***

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပက်ရှ်ဝါမြို့ ဗုံးပေါက်ကွဲမှု ၁၁ဦးသေဆုံး၊ ၅၀ကျော်ဒဏ်ရာရ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၈

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ရှိ တရားရုံးအနီး၌ ဒီဇင်ဘာ ၇ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၁ဦးသေဆုံးပြီး ၅၀ကျော်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ပျက်စီး

ပက်ရှ်ဝါမြို့ရှိ တရားရုံး၏ အဓိကဝင်ပေါက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့် ကားသုံးလေးစီး မီးလောင်ပျက်စီးခဲ့ရကြောင်း အဆိုပါသတင်းတွင် ပါရှိသည်။

ထိုပေါက်ကွဲမှုမှာ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ကြောင်း၊ တရားရုံးလုံခြုံရေး တပ်ဖွဲ့ဝင်များက မသင်္ကာသူအမျိုးသား တစ်ဦးအား ရပ်တန့်စစ်ဆေးစဉ် အသေခံဗုံးခွဲ တိုက်ခိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေဆင်ဟွာ**

ပါကစ္စတန်လာဟိုးမြို့၌ ဗုံးနှစ်လုံးပေါက်ကွဲ ၄၉ဦးသေဆုံးပြီး ၁၈၀ဒဏ်ရာရ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၈

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းလာဟိုးမြို့၌ ဒီဇင်ဘာ ၇ရက် ညနေပိုင်းက ဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သား ၄၉ဦး သေဆုံးပြီး ၁၈၀ဒဏ်ရာရရှိသွားကြောင်း၊ ဒဏ်ရာရသူများမှာ အခြေအနေဆိုးရွားကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၈ ရက်တွင် ပြောကြားသည်။

ပြောကြား

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုနှစ်ရပ်မှာ ထိုနေ့ညနေပိုင်းက ဆက်တိုက်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဗုံးနှစ်လုံးမှာ လာဟိုးမြို့ လူစည်ကားရာအရပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပထမဗုံးမှာ အသေခံ တိုက်ခိုက်ဖောက်ခွဲသည့်ဗုံးဖြစ်ပြီး ဒုတိယဗုံးမှာ အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဗုံးပေါက်ကွဲရာ သတင်းရပ်ကွက်က ပြောကြားသည်။ **အမ်အင်န်အေဆင်ဟွာ**

အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့ဝင်ထပ်မံစေလွှတ်ရေး တူရကီဝန်ကြီးချုပ် လက်မခံဘဲပယ်ချ

အစ္စတန်ဘူလ် ဒီဇင်ဘာ ၈

အမေရိကန်ပြည်ထောင်စုက မေတ္တာရပ်ခံထားသည့်အတိုင်း အာဖဂန်နစ္စတန်နိုင်ငံသို့ နောက်ထပ်တပ်ဖွဲ့ဝင်များ တိုး၍စေလွှတ်ရေးကိစ္စကို တူရကီဝန်ကြီးချုပ် ရီဆက်တေယစ်အာဒိုဂင်က ဒီဇင်ဘာ ၆ရက်တွင် လက်မခံဘဲပယ်ချလိုက်သည်။ တူရကီဝန်ကြီးချုပ်က အမေရိကန်ပြည်ထောင်စုသို့ မထွက်ခွာမီ ယင်းကဲ့သို့ ပယ်ချလိုက်ခြင်းဖြစ်သည်။

တူရကီနိုင်ငံသည် အာဖဂန်နစ္စတန်သို့ သင့်တင့်လျောက်ပတ်သည့် တပ်ဖွဲ့ဝင်အရေအတွက်ကို စေလွှတ်ထားပြီးဖြစ်ကြောင်း၊ အာဖဂန်နစ္စတန်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့ကို လေ့ကျင့်ပေးလိုကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံရှိ တူရကီတပ်ဖွဲ့ဝင် ၁၇၀၀သည် တိုက်ပွဲဝင်တပ်ဖြစ်ရမည့်အစား အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်ကို ကင်းလှည့်ရာ၌ ပါဝင်နေရကြောင်း အာဒိုဂင်က ပြောကြားသည်။

ပြောကြား

တူရကီဝန်ကြီးချုပ်သည် အစ္စတန်ဘူလ်မြို့ အတာတွတ် လေဆိပ်တွင် အမေရိကန်ပြည်ထောင်စုသို့ မထွက်ခွာမီ ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

စေလွှတ်

တူရကီဝန်ကြီးချုပ်သည် အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင် နောက်ထပ် ၃၀၀၀၀ စေလွှတ်မည်ဟု ဒီဇင်ဘာ ၁ရက်က ကြေညာခဲ့သော အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တွေ့ဆုံမည်ဖြစ်သည်။ **(အင်တာနက်)**

သေနတ်သမားများ ပစ်ခတ်မှု ဘဂ္ဂဒက်၌ ရဲတပ်ဖွဲ့ဝင် ကိုးဦးသေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်းရှိ စစ်ဆေးရေးဂိတ်၌ ဒီဇင်ဘာ ၆ရက်က သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို အေပီသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

သေဆုံး

အလားတူ မိုဆူးလ်မြို့ မြောက်ပိုင်း၌ ဒီဇင်ဘာ ၅ရက်တွင် သီးခြားတိုက်ပွဲသုံးကြိမ်ဖြစ်ပွားရာ ငါးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိ

ယင်းနေ့၌ပင် ထပ်မံပစ်ခတ်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦး သေဆုံးပြီး ၄င်း၏ သမီးဖြစ်သူမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

(အင်တာနက်)

စစ်သွေးကြွများ ပစ်ခတ်တိုက်ခိုက်မှု ဆိုမာလီ၌ ၁၂ဦးသေဆုံး

မိုဂါဒစ်ရှူး ဒီဇင်ဘာ ၈

ဆိုမာလီနိုင်ငံရှိ အဆောက်အအုံတစ်လုံးကို အယ်လ်ရှာဘတ်စစ်သွေးကြွများ တိုက်ခိုက်သဖြင့် ၁၂ဦး သေဆုံးပြီး ၂၂ဦးဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

ဝင်ရောက်တိုက်ခိုက်

ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူး အရှေ့မြောက်ဘက် အက်ဖ်ဂိုယေးနှင့် ဘာလ်ကက်ကြား ဘာဆာရာမြို့ရှိ အဆောက်အအုံတစ်လုံး၌ ကျင်းပသည့်ပွဲတော်သို့ လာရောက်ကြသည့် လူရာပေါင်းများစွာတို့ကို အယ်လ်ရှာဘတ်စစ်သွေးကြွ တိုက်ခိုက်ရေးသမားများက ဒီဇင်ဘာ ၆ရက်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများတွင် အရပ်သား ခုနစ်ဦးနှင့် စစ်သွေးကြွငါးဦး ပါဝင်သည်။ **(အင်တာနက်)**



တိုကျိုမြို့ ရုပ်မြင်သံကြားစက်ရုံ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ရုပ်မြင်သံကြားထုတ်လုပ်သည့် စက်ရုံလုပ်ငန်းခွင် တစ်နေရာကို ဒီဇင်ဘာ ၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

9-12 (04).pmd 1 12/9/2009, 2:50 PM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် -စုစည်းရေးသားသည်

အမေရိကန် တက္ကဆက်ပြည်နယ်၌ လေယာဉ်ငယ်ပျက်ကျ

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အော်စတင်ဘတ်စတုမ်း နိုင်ငံတကာ လေဆိပ်အနီး၌ ဒီဇင်ဘာ ၈ရက် နံနက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ နှစ်ဦးသေဆုံးခဲ့သည်။

ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများမြင့်တက်လျက်ရှိရာ တရုတ်ရွှေဈေးကွက်၌ ဒီဇင်ဘာ ၈ ရက် ဈေးပိတ်ချိန်အထိ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၆၇ ဒသမ ၁၉ဒေါ်လာရှိခဲ့သည်။

အီဂျစ်၌ A(H1N1) ဖြင့် သေဆုံးသူ ၃၂ဦးရှိပြီ

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ဒီဇင်ဘာ ၈ရက်က A(H1N1)ရောဂါဖြင့် အမျိုးသားတစ်ဦးသေဆုံးခဲ့ရာ အီဂျစ်၌ ယင်းရောဂါဖြင့် သေဆုံးသူ ၃၂ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးအရာရှိများက ထုတ်ပြန်သည်။

အယ်လ်ဂျီးရီးယားက ဂြိုဟ်တုလွှတ်တင်မည်

အယ်လ်ဂျီးရီးယားနိုင်ငံက လာမည့် ၂၀၁၀ ခုနှစ် ပထမသုံးလပတ် ကာလအတွင်း အောဆက်-၂ အမည်ရှိ ဒုတိယမြောက်ဂြိုဟ်တုတစ်လုံးကို အာကာသသို့လွှတ်တင်ရန် စီစဉ်ထားကြောင်း အယ်လ်ဂျီးရီးယားအရာရှိများက ထုတ်ပြန်သည်။

ကမ္ဘာကျော်ပန်းချီကား ၁၉ ကား ပြန်လည်သိမ်းဆည်းမိ

ကမ္ဘာကျော် ပန်းချီနှင့် အနုပညာရှင်များဖြစ်သည့် ဗင်ဂိုး၊ ပီကာဆို၊ မိုးနက်နှင့် အခြားထိပ်တန်းအနုပညာရှင်များ၏ ပျောက်ဆုံးနေသောပန်းချီလက်ရာ ၁၉ ကားကို ပြန်လည်သိမ်းဆည်းရမိကြောင်း လန်ဒန်ရဲတပ်ဖွဲ့က ဒီဇင်ဘာ၈ရက်၌ သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

အီရန် နျူကလီးယားအစီအစဉ် ဘရာဇီးထောက်ခံမည်

အီရန်နိုင်ငံ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက် ယုံကြည်သဖြင့် မိမိတို့ထောက်ခံကြောင်း ဘရာဇီးနိုင်ငံအစိုးရက ဒီဇင်ဘာ ၈ ရက်၌ သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကမ်းလွန်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းကမ်းလွန်တွင် ဒီဇင်ဘာ ၈ ရက် နံနက်က ရစ်ချ်တာစကေး ၆အဆင့်ရှိသော ငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ နိုင်ငံတကာရုပ်ရှင်ပွဲတော် ကျင်းပမည်

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ နိုင်ငံတကာဆိုင်ရာ ရုပ်ရှင်ပွဲတော်ကို အိမ်ရှင်အဖြစ် မကြာမီကျင်းပမည်ဖြစ်ကြောင်း နီပေါအရာရှိများက ဒီဇင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနား ညောင်ဦးခရိုင် ယာမုလယ်ပြောင်းစိုက်ကွက်၌ ကျင်းပ

ညောင်ဦး ဒီဇင်ဘာ ၈

ညောင်ဦးခရိုင်တွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနကကြီးမှူး၍ ယာမုလယ်ပြောင်း စပါးမျိုး ယာ-၈၊ ၄ ဒသမ ၀၀ ဧက မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက်က ပုဂံညောင်ဦးမြို့နယ် ရွှေတွင်းရပ်ကွက် ကွင်းအမှတ် ၁၅၅၃ ဦးပိုင်အမှတ် (၇/၄) တောင်သူ ဦးအောင်မင်း၏ ယာမုလယ်ပြောင်း မိုးစပါးစိုက်ကွက်၌ ကျင်းပရာ အခမ်းအနားသို့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီ တက်ရောက်ပြီး ရိတ်သိမ်းမှုကိုကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** အဆိုပါယာမုလယ်ပြောင်း မိုးစပါးအထွက်နှုန်းမှာ ၈၂ ဒသမ ၆၅တင်း ဖြစ်ကြောင်း သိရသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းမြင့်ထွန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးတင်ဝင်း၊ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန မြို့နယ်မန်နေဂျာ ဦးလှတင်မောင်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းခိုင်၊ မြေစာရင်းဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တောင်သူများတက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မော်လမြိုင် စက်မှုလက်မှုအထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၈

မော်လမြိုင်စက်မှုလက်မှုအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျောင်းသားဟောင်းများက နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၂ ရက်(စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်မွေ့ရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အာစရိယပူဇော်ပွဲသို့ အဋ္ဌမအကြိမ်အထိ တက်ရောက်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိတ်ဆုံစားပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆရာဦးညဏ်ထွန်း ဖုန်း-၆၄၁၈၄၆၊ ဦးဆန်းဦး ဖုန်း-၅၇၂၃၇၅၊ ဦးကြည်မြင့် ဖုန်း-၀၉-၅၁၄၀၉၁၆၊ ဦးထွန်းလွင် ဖုန်း-၀၉-၅၁၅၄၁၄၅၊ ဦးမင်းငွေသန်း ဖုန်း-၆၈၃၄၁၉၊ ဦးရွှေဝင်း ဖုန်း - ၀၉-၅၁၆၉၆၂၃၊ ၆၈၀၂၂၆ နှင့် ဦးစိုးမြင့် ဖုန်း-၀၉-၅၁၇၇၂၅၅ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကြို့ပင်ကောက်မြို့နယ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၈

ကြို့ပင်ကောက်မြို့ အထက်တန်းကျောင်းတွင် ဒီဇင်ဘာ ၂၆ရက်၌ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲသို့ တက်ရောက်မည့်သူများ ဆက်သွယ်ရန်နှင့် ရန်ကုန်မြို့မှ ဒီဇင်ဘာ ၂၅ရက် နံနက်တွင် ထွက်ခွာ၍ ၂၆ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်ရောက်မည်ဖြစ်သည်။ လိုက်ပါကန်တော့လိုသူ တပည့်ဟောင်းများသည် ဦးတင်မြင့် ဖုန်း-၆၄၄၄၁၃၊ ၀၉-၅၁၇၈၀၆၂၊ ဦးခင်နု ဖုန်း-၃၇၅၄၀၄၊ ဦးထွေး ဖုန်း-၀၉-၅၁၉၇၈၈၈၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၁၂၉၁၆၉နှင့် ဦးထွန်းမြင့် ဖုန်း-၃၉၂၁၆၄ တို့သို့ ဒီဇင်ဘာ ၁၆ရက် မတိုင်မီ ဆက်သွယ်နိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ နိုဝင်ဘာ၂၅ရက်က ပေါင်မြို့နယ်ရှိ ကျေးရွာချင်းဆက် ပေါင်-ထန်းပင်ချောင်ကြီး-သပြေကုန်း-အလှပ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (၁၇၆)

ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းသားများ လှိုင်သာယာစက်မှုဇုန်၌ လေ့လာ

ရန်ကုန် ဒီဇင်ဘာ ၈

ရန်ကုန်စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းသားများ၏ လေ့လာရေးခရီးစဉ် ကြိုဆိုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန်ကနောင်ခန်းမ၌ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုဇုန်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်း တက်ရောက်အဖွင့်အမှာစကား ပြောကြားပြီး လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာပွင့်ဆန်းက စက်မှုဇုန်အတွင်း အကောင်အထည်ဖော် လည်ပတ်လျက်ရှိသော စက်ရုံများ၏ အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်

ဆက်လက်၍ လေ့လာရေးအဖွဲ့ သင်တန်းသားခေါင်းဆောင်က လေ့လာရေးခရီးစဉ်အထိမ်းအမှတ်အလံများကို စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာပွင့်ဆန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သို့ ပေးအပ်သည်။

လေ့လာ

ယင်းနောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့မှ သင်တန်းသား ၁၈၀ သည် စက်မှုဇုန်အတွင်းရှိ O PAL အထည်ချုပ်စက်ရုံ၊ E-LAN ဆပ်ပြာစက်ရုံ၊ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ GRADE အအေးခန်းစက်ရုံနှင့် HTUN ရှူးဖိနပ်စက်ရုံများသို့ ကြည့်ရှုလေ့လာကြသည်။ (၀၉၇)

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ယာဉ်စက်ယန္တရားများ ကွင်းခိုင်မှုအခြေအနေကို နိုဝင်ဘာ ၂၁ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဟိန်းဇော်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် မနော်ရမ္မ ရှိ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနရုံး ကြည့်ရှုစစ်ဆေး

မန္တလေး ဒီဇင်ဘာ ၈

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၆ ရက် ညနေ ၃ နာရီခွဲက မဟာအောင်မြေမြို့နယ် မနော်ရမ္မရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်၊ ကစားကွင်းများဌာနရုံးနှင့် ပျိုးဥယျာဉ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် ၆၂လမ်း၊ မနော်ရမ္မရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနသို့ရောက်ရှိလာရာ မြို့တော်ဝန်အား ဌာနခွဲမှူး ဦးသိန်းမြင့်က ရုံးခန်းများ ဖွဲ့စည်းထားရှိမှု၊ သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့တော်ဝန်သည် ရုံးခန်းအတွင်း ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးခန်းအဝင် မနော်ရမ္မချောင်းကူးတံတားကြွံခိုင်မှု ကောင်းမွန်စေရန်နှင့် အမြင်လှပစေရန်ဆောင်ရွက်သွားရေးတို့ကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနခွဲမှူးအား မှာကြားသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မနော်ရမ္မပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေ၊ ပျိုးထုပ်များ အဆင့်ဆင့်လဲလှယ်နေမှုနှင့် ပျိုးထုပ်များထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ပျိုးပင်များဖြစ်ထွန်းရှင်သန်အောင် သဘာဝမြေသြဇာနှင့် စိုက်ပျိုးရေးသုံးဆေးဝါးများ စနစ်တကျအသုံးပြုရန်နှင့် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်သွားရန်တို့ကို ဌာနခွဲမှူးနှင့် ခြံတာဝန်ခံတို့အားမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (၁၁၃)

ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း သရေပွဲဖြစ်

ဗီယင်ကျန်း ဒီဇင်ဘာ ၈ (ဂျီမေးလ်)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ အားကစားရွာရှိ တက္ကသိုလ်အားကစားကွင်း၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်း နှင့် ဗီယက်နမ်အမျိုးသမီးအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

မြန်မာအမျိုးသမီးအသင်း - တစ်ဂိုး
ဗီယက်နမ်အမျိုးသမီးအသင်း - တစ်ဂိုး

အလားအလာ

မြန်မာအမျိုးသမီးအသင်းမှာ သုံးပွဲဆက် သရေဖြစ်ခဲ့သောကြောင့် နောက်ဆုံးဗိုလ်လုပွဲသို့တက်ရောက်နိုင်ရန် အလားအလာမှေးမှိန်သွားရပြီဖြစ်သည်။ မြန်မာအသင်း၏ ကစားပုံမှာ ထိုင်းနှင့်ပွဲလောက် ကစားပုံကောင်းမွန်ခြင်းမရှိဘဲ တိုက်စစ်မှာလည်း အကောင်းဆုံးပုံစံ မရရှိခဲ့သောကြောင့် နောက်မှလိုက်ကစားခဲ့ရသည်။

မြန်မာအသင်းသည် ထိုင်းနှင့်ကစားခဲ့သည့် လူစာရင်းကိုပဲ အခြေခံထားကစားခဲ့သည်။ ပွဲအစပိုင်းတွင် မြန်မာအသင်း ဖိကစားနိုင်ခဲ့သော်လည်း ရှေ့တန်းလူများ အချိတ်အဆက်လွဲနေ၍ တိုက်စစ်မှာ ထင်သလောက် မထိရောက်ခဲ့ပေ။ ပထမပွဲတွင် မလေးရှားအသင်းကို ဂိုးပြတ်အနိုင်ကစားနိုင်ခဲ့သည့် ဗီယက်နမ်အသင်းမှာ မြန်မာအသင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပြီး ဗီယက်နမ်အသင်း၏ ထိုးဖောက်ဂိုးသွင်းမှုများကို မြန်မာဂိုးသမား မေခင်ယမင်းကာကွယ်ခဲ့ရသည်။

တိုက်ရိုက်ကန်သွင်း

၅၄ မိနစ်တွင် ဗီယက်နမ်အသင်း ဦးဆောင်ဂိုးရသွားပြီး ပြစ်ဒဏ်ဘောကို ဒေါင်ကင်ချီက တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒေါင်ကင်ချီမှာ ပထမပိုင်းမိနစ် ၄၀ကျော်၌ ပြေးလမ်းပေါ်အရှိန်လွန်ကျပြီး ခေါင်း၌ ဒဏ်ရာရရှိခဲ့သူဖြစ်သည်။ မြန်မာအသင်းမှာ ချေပဂိုးရရှိရန် မိုင်နီလာထွေးအစား မာဂရက်မေရီ၊ အေးနန္ဒာလှိုင်၊ စန်းယုနိုင်၊ သူဇာထွေးအစား သီရိမြတ်တို့ကို ထည့်ကာ ကစားအား မြှင့်ခဲ့သည်။ မြန်မာအသင်းမှာတောင်ပံများကို အားပြုထိုးဖောက်သော်လည်း အမြင့်ဘောပေးရာ၌ ထိရောက်မှု မရှိသဖြင့် အားပျော့ခဲ့ရသည်။ ၇၆မိနစ်တွင် မြန်မာအသင်း ချေပဂိုးရရှိခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် နောက်ခံလူ မိုးမိုးဝါက ကန်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ အနိုင်ဂိုး ထပ်မသွင်းနိုင်ဘဲ ဗီယက်နမ်အသင်းနှင့် သရေကျခဲ့သောကြောင့် သုံးပွဲကစား သုံးပွဲသရေကျကာ အုပ်စုမှတက်ရန် အခွင့်အလမ်း နည်းသွားပြီ ဖြစ်သည်။

နောက်ဆုံးပွဲစဉ်

ဒုတိယပွဲစဉ်တွင် လက်ရှိချန်ပီယံ ထိုင်းအသင်းက အိမ်ရှင်လာအိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယနေ့ပွဲအနိုင်ရရှိခဲ့သော ထိုင်းအသင်းမှာ သုံးပွဲကစား ၇မှတ်၊ ဗီယက်နမ်အသင်းမှာ နှစ်ပွဲကစား ၄မှတ်ဖြင့် အုပ်စုတက်ရန် အလားအလာကောင်းနေသည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၃ရက်တွင် မလေးရှားအသင်းနှင့် ကစားရန် ကျန်သည်။ ။ **(မြန်မာ့အလင်း)**

စိုးညွန့် (ခေတ္တ-ဗီယင်ကျန်း)ထံမှ သတင်းနှင့် ဓာတ်ပုံပေးပို့သည်။

မြန်မာအသင်းကွင်းလယ်လူ သန်းသန်းထွေး ဗီယက်နမ်နောက်တန်းကို ထိုးဖောက်ကစားစဉ်။ (မြန်မာ့အလင်း)

တောင်ငူ အထက(၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၈

တောင်ငူမြို့ အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဆရာကြီး ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နှစ်ပတ်လည်အခမ်းအနားကို ကျင်းပရေးကော်မတီမှ ကြီးမှူး၍ ဒီဇင်ဘာ ၂၅ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း နတ်သျှင်နောင်ခန်းမ၌ ကျင်းပရန် စီစဉ်ထားသည်။

လှူဒါန်းနိုင်

မြတ်ဆရာပူဇော်ပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နှစ်ပတ်လည် အခမ်းအနားသို့ အသက် ၆၀ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းလိုကြသူများသည် ဦးကျော်သူရ ဖုန်း-၀၉-၅၁-၀၅၄၁၁၊ဦးမောင်မြဖုန်း-၀၉-၅၃-၅၁၀၇၇၊ ဦးအေးကျော် ဖုန်း-၀၉-၅၃-၅၂၃၃၄၊ ဦးထွန်းသူရိန် ဖုန်း- ၀၉-၅၃-၅၁၃၂၂၊ ဦးဇော်ဝင်းထွန်း ဖုန်း-၀၉-၅၃-၅၁၄၃စနှင့် ဦးတင်မောင်မောင် ဖုန်း-၀၉-၅၁-၄၈၃၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၅၂)

ဖျူးမြို့ အထက (၁) အမျိုးသားကျောင်း၏ နှစ် (၉၀)ပြည့် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၈

ဖျူးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း (အမျိုးသားကျောင်း ၁၉၂၀)၏ နှစ် (၉၀)ပြည့်နှင့် (၁၀)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက်နှင့် ၃ရက်တို့တွင် မိတ်ဆုံညစာစားပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲ၊ နံရံကပ်စာပေနှင့်ပန်းချီပြပွဲ၊ ဓာတ်ပုံပြပွဲတို့ဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လှူဒါန်းနိုင်

အဆိုပါကျောင်းတွင် ၁၉၂၀မှ ၁၉၉၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ဆရာမကြီး ၁၀၅ဦးတို့အား တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ပူဇော်ကန်တော့မည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ရပ်ဝေး ဆရာကြီး ဆရာမကြီးများအား အဖော်တစ်ဦးအတွက်ပါ လမ်းစရိတ်နှင့် နေထိုင် စားသောက်ရေး၊ ကျန်းမာရေးအတွက် စရိတ်ကျခံပေးမည်ဖြစ်ကြောင်း၊ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးအင်းရှောက် ဖုန်း-၀၅၄-၄၀၅၇၈၊ ဦးသက်စိန် ဖုန်း-၀၅၄-၄၀၀၄၈၊ ဦးညွန့်ဝေ-ဖုန်း-၀၅၄-၄၀၁၂၄၊ ဦးစန်းလွင် ဖုန်း- ၀၂-၃၂၃၇၆၊ ဦးမြဦး ဖုန်း-၀၁၆-၆၀၁၃၁၊ ၀၁-၂၂၉၄၅၊ ဦးအောင်သန်း ဖုန်း-၀၉-၅၁-၄၅၂၆၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က NLD ဌာနချုပ်သို့ နိုဝင်ဘာလအတွင်း (၂၆)ကြိမ် ဝင်ထွက်ခဲ့

ရန်ကုန် ဒီဇင်ဘာ ၈

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၄င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၉ခုနှစ် နိုဝင်ဘာလအတွင်း (၂၆)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါ သံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၈

စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ဒေသကောလိပ်(၁)ဗိုလ်တထောင် (ဒုတိယနှစ်) အဆောက်အအုံထိန်းသိမ်းရေးအတတ်ပညာ (၁၉၇၉-၁၉၈၀) ကျောင်းသားဟောင်းများ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ရက် (စနေနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ဒေါ်လ်ဖင်စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

ဗိုလ်တထောင် အထက(၂) မြတ်ဆရာပူဇော်ပွဲ

အထက (၂) ဗိုလ်တထောင် (စိန့်ဖိလစ်)၏ မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၂ရက် (စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ရန် နှိုးဆော်ထားသည်။

စုပေါင်းသွေးလှူဒါန်းပွဲ ပါဝင်နိုင်

မေတ္တာသွေးလှူအဖွဲ့၏ (၁၀၈)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းမွှာရုံ၌ ဒီဇင်ဘာ ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူများ ပါဝင်နိုင်ကြောင်း သိရသည်။

ထွန်းဖောင်ဒေးရှင်းဘဏ် ပန်းချီပြိုင်ပွဲ၊ ပြပွဲကျင်းပ

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)က ပါဝင်ကူညီမှုဖြင့် ထွန်းဖောင်ဒေးရှင်းဘဏ်က စီစဉ်ကျင်းပသည့် Tun Foundation Bank Best Paintings of the Year 2009 ပြိုင်ပွဲ၊ ပြပွဲကို ဒီဇင်ဘာ ၇ရက် နံနက် ၁၀နာရီက မြန်မာနိုင်ငံ ဘဏ်များအသင်းအဆောက်အအုံ၌ ဖွင့်လှစ်ခဲ့သည်။ ပြိုင်ပွဲတွင် ပန်းချီကားပေါင်း ၂၇၅ကားပါဝင်ပြီး ဒီဇင်ဘာ ၁၁ရက်အထိ ပြသထားမည်ဖြစ်ကာ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၀ရက် ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်သည်။

ညောင်တုန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရေဝတီတိုင်းမွှာရုံ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဗိသုကာအသင်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်နိုင်

မြန်မာနိုင်ငံ ဗိသုကာအသင်းက ကြီးမှူး၍ ဗိသုကာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ လှိုင်တက္ကသိုလ်နယ်မြေဝင်း Function Hall ၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူများ ဖုန်း-၇၂၃၁၀၄ နှင့် ၀၉-၅၁-၁၆၉၈၂ တို့သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်သည်။

ကွန်ပျူတာပညာရှင်အသင်း မိတ်ဆုံညစာစားပွဲကျင်းပမည်

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ အသင်းသားစုံညီ မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၁၂ရက် (စနေနေ့) ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောက်အအုံဝင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၆၅၂၂၇၆တို့သို့ စုံစမ်းနိုင်သည်။

ရာပြည့်စာအုပ် အရောင်းပွဲတော်ကျင်းပ

ရာပြည့်စာအုပ်ဆိုင် (၁၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာအုပ်အရောင်းပွဲတော်ကို ဒီဇင်ဘာ ၇ရက်မှ ၁၃ရက်အထိ ခင်းကျင်းရောင်းချလျက်ရှိပြီး ရန်ကုန်မြို့ ၃၅လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ဆိုင်နှင့် အင်းစိန်လမ်းမကြီးနှင့် ဓမ္မာ့ယဉ်သီရိလမ်းထောင့် လှည်းတန်းမှတ်တိုင်အနီးဆိုင်များတွင် အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။

ရေကူးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် TTO Trading Co., Ltd. တို့ပူးပေါင်း၍ Derk Pharma Cup ရေကူးပြိုင်ပွဲကို သက်တန်းအလိုက် ခွဲခြား၍ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ ဖုန်း-၀၉-၅၁-၃၄၃၁၀နှင့် ၄၀၀၂၀၉တို့သို့ ဆက်သွယ်နိုင်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

သုတပဒေသာစာစောင် ဈေးနှုန်းပြောင်းလဲဖြန့်ချိမည်

ရန်ကုန် ဒီဇင်ဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေလျက်ရှိသည့် လစဉ်ထုတ် သုတပဒေသာစာစောင်ကို ထင်ရှားသည့် ဘာသာပြန်စာပေပညာရှင်၊ ပန်းချီပညာရှင်များ၏ လက်ရာများဖြင့် အသွင်သစ်ထုတ်ဝေမည်ဖြစ်ရာ ၂၀၁၀ ခုနှစ် ဇန်နဝါရီထုတ် အတွဲ (၃၇)၊ အမှတ် (၁)မှစ၍ ဈေးနှုန်းကို ကျပ် ၈၀၀ဖြင့် ဖြန့်ချိရောင်းချတော့မည်ဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို လစဉ်မှာကြားဝယ်ယူလိုပါက ကိုယ်စားလှယ်ဈေးနှုန်း တစ်အုပ်လျှင် ငွေကျပ် ၇၀၀ဖြင့် စာပေဗိမာန်အရောင်းဌာန အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ ဆက်သွယ်မှာကြားဝယ်ယူနိုင်ပြီး သုတပဒေသာစာစောင်တွင် ကြော်ငြာများထည့်သွင်းလိုပါက သုတပဒေသာစာတည်းအဖွဲ့ ဖုန်း-၀၁-၃၈၇၇၂၄သို့ ဆက်သွယ်ထည့်သွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ (၁၀)ရပ်တို့၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ (၁၀)ရပ်တို့၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရုံးအမှတ် (၃၀)ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဆပ်ကော်မတီ(၁၀)ရပ်မှ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက စက်မှုနိုင်ငံတော်အဖြစ်သို့ အမြန်ကူးပြောင်းနိုင်ရေး၊ စက်မှုလက်မှုအခန်းကဏ္ဍ တိုးတက်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လယ်ယာသုံးစက်ပစ္စည်းကိရိယာထုတ်လုပ်မှု ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်၊ စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် အရည်အသွေးမြှင့်တင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ စက်မှုလက်မှုသုတေသန ဖွံ့ဖြိုးရေးနှင့် နည်းပညာဖြန့်ချိရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်၊ သံနှင့် သံမဏိထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီနှင့် ရော်ဘာနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ လူ့စွမ်းအားပြုစုပျိုးထောင်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ မော်တော်ယာဉ် ထုတ်လုပ်မှုကြီးကြပ်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ စက်မှုဥပဒေဆိုင်ရာ ရေးဆွဲရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဟန်ညွန့်၊ စက်မှုဆိုင်ရာ သတင်းဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က လုပ်ငန်းကော်မတီ ဆောင်ရွက်ချက်များကို တင်ပြသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက်ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက တင်ပြချက်များ အပေါ် ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟင်္သာတမြို့ အထက(၄) အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၈

ဟင်္သာတမြို့ အထက(၄) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၄) ဘုရင့်နောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အလှူငွေများကို ဒေါ်အေးအေးသွင် ဖုန်း-၅၁၃၃၃၃ လိုင်းခွဲ-၃၃၁၊ ဦးဝင်းအောင် ဖုန်း-၅၂၇၄၄၆၊ ဗိုလ်မှူးလှိုင်မြင့် ဖုန်း-၀၉-၉၉-၂၆၁၄၅၊ ဒေါက်တာနော်မာသေး ဖုန်း-၀၉-၈၀၂၁၄၉၇၊ ဦးညွန့်လှိုင် ဖုန်း-၀၉-၈၅-၈၁၁၅၄၊ ဦးမောင်မောင်စိုး ဖုန်း-၀၉-၈၅-၈၀၄၅၄၊ ဦးကျော်လွင်ဆန်း ဖုန်း-၀၉-၈၅-၈၀၃၀၄၊ ဦးမျိုးသန့်ကျော် ဖုန်း-၀၉-၈၅-၈၀၄၅၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ရန်ကုန်ရောက် ဆရာကြီး ဆရာမကြီးများ လိုက်ပါမည့်ကားသည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၇ နာရီတွင် အမှတ် ၂၇၄ (B) မြဝတီလမ်း စမ်းချောင်း မြေနီကုန်းမှ ထွက်ခွာမည်ဖြစ်ရာ လိုက်ပါလိုသူများသည် ဖုန်း-၀၁-၅၂၇၄၄၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အထက(၄) ဗိုလ်တထောင် (ယခင် အလက-၁ ဗိုလ်တထောင်) (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၈

အထက (၄) ဗိုလ်တထောင် (အလက-၁ ဗိုလ်တထောင်၊ ဘရန့်ချ်ကွန်ဗင့်) ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အထက (၄) ဗိုလ်တထောင် သီရိမာလာခန်းမ၌ ဒီဇင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့)၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၀-၂၀၀၉ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော အသက် ၆၀ပြည့်နှင့်အထက် အငြိမ်းစားဆရာမကြီးများအား ပူဇော်ကန်တော့ရန် ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသော ကျောင်းသူဟောင်းများသည် ဒေါ်ခင်ပြုံးဝင်း (ကျောင်းအုပ်ဆရာမကြီး အထက-၄ ဗိုလ်တထောင်) ဖုန်း-၂၅၄၂၄၆၊ ၂၉၄၁၂၇၊ ဒေါ်မြင့်မြင့်ဦး ဖုန်း-၀၉-၅၀-၃၈၉၂၉၊ ဒေါ်ခင်ပပလွင် ဖုန်း-၀၉-၅၁- ၈၄၈၃၂၊ ဒေါ်သီတာခင် ဖုန်း-၂၉၀၂၇၂၊ ဒေါ်အေးအေးခိုင် ဖုန်း-၀၉-၅၀-၉၈၃၀၆၊ ဒေါ်စန်းစန်းလှ ဖုန်း-၂၉၃၁၉၇ နှင့် ဒေါ်သီသီဝင်း ဖုန်း-၂၉၂၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဘဂ္ဂဒက်၌ ကားဗုံးများ ဆက်တိုက်ဖောက်ခွဲ အနည်းဆုံး ၁၂၈ဦး သေဆုံးပြီး ၄၅၀ကျော် ဒဏ်ရာရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဒီဇင်ဘာ ၈ရက်က ကားဗုံးများ ဆက်တိုက်ဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၂၈ဦး သေဆုံးပြီး ၄၅၀ကျော် ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဖြစ်ပွား

ပထမဆုံး ပေါက်ကွဲသော ကားဗုံးမှာ ထိုမြို့ရှိ ဒိုရာအရပ်(**ယာပုံ**)၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အခြားကားဗုံးခွဲ တိုက်ခိုက်မှုလေးခုမှာ ယင်းဗုံးပေါက်ကွဲပြီး မိနစ်ပိုင်းအတွင်း အစိုးရရုံးများအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးများပေါက်ကွဲရာအနီးတွင် ပြည်ထဲရေးဝန်ကြီးဌာနရုံး၊ လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် တက္ကသိုလ်တစ်ခုတို့ရှိကြောင်း သိရသည်။

ပါကစ္စတန် မူလ်တန်မြို့၌ ကားဗုံးခွဲတိုက်ခိုက် ၁၂ဦး သေဆုံးပြီး ၂၅ဦး ဒဏ်ရာရ

မူလ်တန် (ပါကစ္စတန်) ဒီဇင်ဘာ ၈

ပါကစ္စတန်နိုင်ငံ မူလ်တန်မြို့ရှိ ထောက်လှမ်းရေးရုံး** (အပေါ်ပုံ)**ကို ဒီဇင်ဘာ ၈ရက်က ဒုံးကျည်နှင့် ကားဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

ယင်းဗုံးခွဲ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အခြား ၂၅ဦးလည်း ဒဏ်ရာရရှိသွားကြောင်း၊ ၄င်းဗုံးခွဲတိုက်ခိုက်မှုမှာ လာဟိုးမြို့၌ ဗုံးနှစ်လုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီး တစ်ရက်အကြာ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မြန်မာ့အလင်း နောက်ဆုံးရ အားကစားသတင်း

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု မက်ဆီ ဆွတ်ခူးရန် ရေပန်းစား

လန်ဒန် ဒီဇင်ဘာ ၈

ဘာကာ၏ကြယ်တစ်ပွင့် တိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် ဥရောပအကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကိုပါ ဆွတ်ခူးနိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ် ရှိနေပြီဖြစ်သည်။

ပါဝင်

အသက် ၂၂နှစ်ရှိ တိုက်စစ်မှူး မက်ဆီသည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပါလျှင် အာဂျင်တီးနားဘောလုံးသမားတစ်ဦးအနေဖြင့် ပထမဆုံး ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိသူ ဖြစ်လာမည်ဖြစ်သည်။ မက်ဆီနှင့်အတူ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုဆွတ်ခူးရန် ရေပန်းစားနေသူများတွင် ဘာစီလိုနာမှ ကစားဖော်များဖြစ်သည့် ဇာဗီနှင့် အင်နီယေစတာတို့လည်း ပါဝင်ကြသည်။

ပြီးခဲ့သည့်နှစ်က ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးနိုင်ခဲ့သော စီရိုနယ်ဒိုနှင့် ရီးရဲမက်ဒရစ်အသင်း ကစားဖော် ကာကာတို့လည်း ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ပဏာမရွေးချယ်စာရင်းတွင် ပါဝင်ကြသည်။

အဓိက ခြေစွမ်းပြကစား

မက်ဆီ၊ ဇာဗီနှင့် အင်နီယေစတာတို့သည် ပြီးခဲ့သည့်နှစ်က ဘာစီလိုနာအသင်းအား ချန်ပီယံလိဂ်ဖလားနှင့် စပိန်လာလီဂါဖလားများ ဆွတ်ခူးပေးရာတွင် အဓိက ခြေစွမ်းပြကစားခဲ့ကြသော ဘောလုံးသမားများပင် ဖြစ်သည်။

မက်ဆီသည် ပြီးခဲ့သည့်နှစ်က အီတလီနိုင်ငံ ရောမမြို့၌ မန်ယူနှင့် ချန်ပီယံလိဂ် ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားစဉ် ဘာစီလိုနာက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိရာတွင် မက်ဆီက ခေါင်းတိုက်ဂိုးသွင်းယူပေးခဲ့သည်။

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးရန် ရေပန်းစားနေသော တိုက်စစ်မှူး မက်ဆီ၏ ကစားဟန်။

ရေပန်းစား

လွန်ခဲ့သောသီတင်းပတ်က မက်ဆီသည် စီရိုနယ်ဒိုထက် မဲအသာရပြီး ဥရောပအကောင်းဆုံးဘောလုံးသမားဆုကို ချီးမြှင့်ခံရခြင်းဖြစ်သည်။ ယခုအခါ မက်ဆီသည် ၂၀၀၇ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုရှင် ကာကာနှင့် ၂၀၀၈ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုရှင် စီရိုနယ်ဒိုတို့ထက် အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားလျက်ရှိသည်။

အင်္ဂလန်ကစားသမားများဖြစ်ကြသည့် ဂျရတ်၊ ရွန်နေ၊ လမ်းပတ်နှင့် တယ်ရီတို့သည် အောက်တိုဘာလက ၂၃ဦး ပဏာမရွေးချယ်စာရင်းတွင် ပါဝင်ခဲ့ပြီးနောက် ထပ်မံရွေးချယ်သည့်စာရင်း၌ မပါဝင်တော့ပေ။

အလှပဆုံး ဂိုးသွင်းသူဆု

အဆိုပါ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို နိုင်ငံလက်ရွေးစင် အသင်းခေါင်းဆောင်များနှင့် နည်းပြများက ဆန္ဒမဲပေးရွေးချယ်ခြင်းဖြစ်သည်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဒီဇင်ဘာ ၂၁ရက်တွင် ဇူးရစ်မြို့၌ ဖီဖာက ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးနိုင်သူသည် ဖီဖာ၏ ၁၉ဦးမြောက် အကောင်းဆုံး ဘောလုံးသမားဆုရ ကစားသမားဖြစ်လာမည်ဖြစ်ကြောင်း၊ ဖီဖာက ၂၀၀၉ခုနှစ်အတွက် အလှပဆုံး ဂိုးသွင်းသူဆုကိုလည်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် ကမ္ဘာတစ်ဝန်းမှ ကြေးစားဘောလုံးသမား ၅၀၀၀၀ကျော်တို့က ဆန္ဒမဲပေး ရွေးချယ်ခဲ့သော အကောင်းဆုံး ဘောလုံးသမား ၁၁ဦးရှိသည်။ ယင်းတို့အနက် မဲအများဆုံး ငါးဦးမှာ အောက်ပါအတိုင်း ဖြစ်သည် —

- **လီယွန်နယ်မက်ဆီ (အာဂျင်တီးနား) ဘာစီလိုနာ**
- **စီရိုနယ်ဒို (ပေါ်တူဂီ) ရီးရဲမက်ဒရစ်**
- **အင်နီယေစတာ (စပိန်) ဘာစီလိုနာ**
- **ကာကာ (ဘရာဇီး) ရီးရဲမက်ဒရစ်**
- **ဇာဗီ (စပိန်) ဘာစီလိုနာ**

(အင်တာနက်)

မြင့်မောင်စိုး - စုစည်းသည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့မီးရထားက ဆောင်ရွက်လျက်ရှိသည့် မိုးနဲ - ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၊ ကျိုင်းတုံ - မိုင်းဆတ်လမ်းပိုင်း ဆင်နှစ်ကောင်တောင်ကုန်းရှိ ရထားလမ်းဖြတ် ရေပြွန်တည်ဆောက်မှု လုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မိုင်းဆတ်-ကျိုင်းတုံ ရထားလမ်းအပိုင်း သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရန် အပိုင်းသုံးပိုင်းခွဲ၍ စက်ယန္တရားများကို စနစ်တကျအသုံးပြုရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖောက်လုပ်ပြီးစီးနေသည့် ရထားလမ်း မြေသားတာပေါင်အတိုင်း မော်တော်ယာဉ်ဖြင့်ထွက်ခွာလာပြီး ဆင်နှစ်ကောင်တောင်ကုန်းရှိ ရထားလမ်းဖြတ် ရေပြွန်တည်ဆောက်မှုလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုင်းတုံမြို့ ပြည်နယ် အားကစားကွင်း၌ ကျင်းပမည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသို့ ရောက်ရှိပြီး နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ ခင်းကျင်းပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့၌ ကျင်းပမည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

* *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးH.E. Mr. Robert Chua Hian Kong ဦးဆောင်သည့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B.Parajuli၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်အခြေစိုက် နိုင်ငံခြားမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအရာရှိများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပသတင်းထောက်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် နိုင်ငံတစ်ဝန်း၌ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားများကို ပြည်နယ်/တိုင်းများမှာရော ရန်ကုန်မြို့မှာပါ အခါအားလျော်စွာ ကျင်းပလာခဲ့ရာမှာ ရန်ကုန်မြို့တွင် ၂၀၀၆ခုနှစ်အထိ အကြိမ်(၂၀)နှင့် ပြည်နယ်/ တိုင်းအတွင်းရှိ မူးယစ်ဆေးဝါး ဖမ်းဆီးရမိသည့် ဒေသများနှင့် မြို့ကြီးများ၌ (၄၇)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခု ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ၌ ၁၉၉၇ခုနှစ်က တစ်ကြိမ်၊ ၂၀၀၆ ခုနှစ်က နှစ်ကြိမ်၊ ၂၀၀၉ခုနှစ်က တစ်ကြိမ် စုစုပေါင်း လေးကြိမ် ကျင်းပခဲ့ပြီး ယနေ့ကျင်းပသော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ဖျက်ဆီးမှုသည် ငါးကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

ဖမ်းဆီးရမိခဲ့

ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်မြေအတွင်း၌ ၂၀၀၉ခုနှစ် ဇွန်လ ၂၆ရက်မှ ယနေ့အထိ မူးယစ်ဆေးဝါးများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရမိမှု ဖြစ်စဉ်ကြီးပေါင်း ၂၀ကျော် ရှိခဲ့ပါကြောင်း၊ ယင်းတို့အနက် ထူးခြားသည့် ဖြစ်စဉ်အချို့ကို ထုတ်နုတ်တင်ပြရမည်ဆိုလျှင် ၂၀၀၉ခုနှစ် ဇူလိုင် ၇ရက်တွင် လုံခြုံရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယကနှင့် သံအမတ်ကြီးများ၊ သံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ရန်ကုန်အခြေစိုက် နိုင်ငံခြားမူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရာရှိများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းထောက်များ ခင်းကျင်းပြသထားသော မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစမ်းသပ် စစ်ဆေးကြစဉ်။ (သတင်းစဉ်)

မီးရှို့ဖျက်ဆီး

ကျိုင်းတုံမြို့မှ မြို့မိမြို့ဖ ဦးစိုင်းအောင်ခမ်း မူးယစ်ဆေး ဝါး များ ကို စက်ခလုတ် နှိပ်၍ မီးရှို့ ဖျက်ဆီးပေးစဉ်။ (သတင်းစဉ်)

ပူးပေါင်းအဖွဲ့က ဒေသခံလူထု၏ ပူးပေါင်းကူညီမှုဖြ
ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ နစ်ဆန်း ခြေ
ဘလောက်တုံး ၂၁၇၇တုံး၊ အလေးချိန် ၇၆၁ဒသမ
၃၄၀၀၀၀တို့ကို ဖမ်းဆီးရမိခဲ့ပါကြောင်း။
ဩဂုတ် ၇ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့
သတင်းပေးချက်အရ တာချီလိတ်မြို့ မယ်ခေါင်
၃၇၆၀၀ကို သိမ်းဆည်းရမိခဲ့ပါကြောင်း။

စစ်ဆေးဖော်ထုတ်

ထို့အပြင် ဩဂုတ် ၂၄ရက်တွင် ပူးပေါင်
ဟောင်လိတ် အုပ်စု ဝမ်လီရွာမှာရှိသည့် အိမ်တစ်အိ
ခြံဝင်းထဲမှာရှိသည့် ကားပေါ်နှင့် နေအိမ်တွင်းက
ပစ္စတိုတစ်လက်၊ ကိုးမမ လူကာ ကျည်၁၀၈တောင့်
ဘိန်းဖြူမှုန့် ၂၁ကီလိုနှင့် ဘိန်းဖြူဘလောက်တုံး
ရမိခဲ့ပါကြောင်း၊ စစ်ကြောချက်အရ ယင်းနေ့မှာပင်
အုပ်စု ဝမ်လုံရွာရှိ အိမ်တစ်အိမ်မှ စိတ်ကြွဆေ
ဘလောက်တုံး နှစ်တုံးနှင့် အိုက်စ် ၁၀ကီလိုနှင့်
အပြင်ရွာမှ အိမ်တစ်အိမ်၌ အိုက်စ် ၂၄ဂရမ်၊ ခပ်ခူ
ရမိခဲ့ပါကြောင်း၊ သတင်းဆက်များနှင့်ပတ်သက်၍
လျက်ရှိပါကြောင်း။
စက်တင်ဘာ ၁၁ရက်တွင် လုံခြုံရေးပူးပေ
ဟောင်လိတ်အုပ်စုရှိ အိမ်တစ်အိမ်မှ စိတ်ကြွ
၂၆၃၂၀၀၀၊ ဒသမ၃၈ကျည် ငါးတောင့်၊ ဒသမ ၃၂
ကျည်တောင့် ၇၀၊ ၅ဒသမ ၅၆ ကျည်နှစ်တေ
၁၀၆ တောင့်၊ လက်ပစ်ဗုံး တစ်လုံးတို့ကို သိမ်
အလားတူ အောက်တိုဘာ ၁၈ရက်တွင်
နယ်မြေခံပြည်သူ၏ သတင်းပေးချက်အရ တာချီ
ရွာ၌ မော်တော်ယာဉ်တစ်စီးကို ရှာဖွေရာမှ စိတ်ကြွ
ကျည်အိမ်အတို ၁၀ခု၊ အမ် ၁၆ကျည် ၁၉၅
၁၀၀တို့ကို ဖမ်းဆီးရမိခဲ့ပါကြောင်း။

ပြည်တွင်းကိုတင်သွင်း

ဤနေရာတွင် အလျဉ်းသင့်သဖြင့် မူးယစ်
ကုန်ကြမ်းပစ္စည်းတစ်ခုဖြစ်သော ဓာတုပစ္စည်းများ
တင်ပြလိုပါကြောင်း၊ အဘယ်ကြောင့်ဆိုသော်
အဖွဲ့ဝင်များအနေဖြင့် စိတ်ကြွဆေးပြားများ ဖြစ်လ
ဓာတုပစ္စည်းများကို နေရာအနှံ့မှာ ဒေသခံပြည်သူ
ရောက်ရောက် နှိမ်နင်းနေခဲ့သဖြင့် မူးယစ်ဆေးဝါး
စိတ်ကြွဆေးပြား ထုတ်လုပ်ရာမှာ အဓိကကျသည့်
ကူကူ မရနိုင်တော့သည့် အခြေအနေဖြစ်လာပါ

မျိုးမှာ မူးယစ်ဆေးဝါး မှောင်ခိုသူများသည် တစ်ဖ
အိမ်သုံးဆေးဝါးများကို နည်းမျိုးစုံနှင့်ပြည်တွင်းကို
ယင်းဆေးဝါးများသည် စိတ်ကြွဆေးထုတ်လုပ်ရာမှ
အက်ဖီဒရင်း ဓာတုပစ္စည်းများ ပြန်လည်ထုတ်ယူနို

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယကနှင့် သံအမတ်ကြီးမျ
ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ရ
မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရာရှိများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်း
ထားသော မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစမ်းသပ် စစ်ဆေးကြစဉ်။

ပူးပေါင်းအဖွဲ့က ဒေသခံလူထု၏ ပူးပေါင်းကူညီမှုဖြင့် တာချီလိတ်မြို့ လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ နစ်ဆန်း ခြောက်ဘီးကားပေါ်က ဘိန်းဖြူဘလောက်တုံး ၂၁၇၇တုံး၊ အလေးချိန် ၇၆၁ဒသမ၈၅ကီလိုနှင့် စိတ်ကြွဆေးပြား ၃၄၀၀၀၀တို့ကို ဖမ်းဆီးရမိခဲ့ပါကြောင်း။

ဩဂုတ် ၇ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် ဒေသခံပြည်သူများ၏ သတင်းပေးချက်အရ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်၌ စိတ်ကြွဆေးပြား ၃၇၆၀၀ကို သိမ်းဆည်းရမိခဲ့ပါကြောင်း။

စစ်ဆေးဖော်ထုတ်

ထို့အပြင် ဩဂုတ် ၂၄ရက်တွင် ပူးပေါင်းအဖွဲ့က တာချီလိတ်မြို့ ဟောင်လိတ် အုပ်စု ဝမ်လိရွာမှာရှိသည့် အိမ်တစ်အိမ်ကို ဝင်ရောက်ရှာဖွေရာမှာ ခြံဝင်းထဲမှာရှိသည့် ကားပေါ်နှင့် နေအိမ်တွင်းကနေ သေနတ်ရှည် တစ်လက်၊ ပစ္စတိုတစ်လက်၊ ကိုးမမ လူကာ ကျည် ၁၀၈တောင့်၊ စိတ်ကြွဆေးပြား ၉၆၄၀၀၀၊ ဘိန်းဖြူမှုန့် ၂၁ကီလိုနှင့် ဘိန်းဖြူဘလောက်တုံး ၁၀၂တုံးတို့ကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ စစ်ကြောချက်အရ ယင်းနေ့မှာပင် တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ဝမ်လုံရွာရှိ အိမ်တစ်အိမ်မှ စိတ်ကြွဆေးပြား ၁၉၆၂၀၀၊ ဘိန်းဖြူဘလောက်တုံး နှစ်တုံးနှင့် အိုက်စ် ၁၀ကီလိုနှင့် ဟောင်လိတ်အုပ်စု တော်တော့အပြင်ရွာမှ အိမ်တစ်အိမ်၌ အိုက်စ် ၂၄ဂရမ်၊ ခပ်ရူး ၁၁ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ သတင်းဆက်များနှင့်ပတ်သက်၍ ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိပါကြောင်း။

စက်တင်ဘာ ၁၁ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့က တာချီလိတ်မြို့ ဟောင်လိတ်အုပ်စုရှိ အိမ်တစ်အိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၂၆၃၂၀၀၀၊ ဒသမ၃၈ကျည် ငါးတောင့်၊ ဒသမ ၃၂ကျည် ၂၉တောင့်၊ ၆ဒသမ၃၅ ကျည်တောင့် ၇၀၊ ၅ဒသမ ၅၆ ကျည်နှစ်တောင့် စုစုပေါင်း ကျည်မျိုးစုံ ၁၀၆ တောင့်၊ လက်ပစ်ဗုံး တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပါကြောင်း။

အလားတူ အောက်တိုဘာ ၁၈ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် နယ်မြေခံပြည်သူ၏ သတင်းပေးချက်အရ တာချီလိတ်မြို့နယ် ဝမ်ကျောက်လုံရွာ၌ မော်တော်ယာဉ်တစ်စီးကို ရှာဖွေရာမှ စိတ်ကြွဆေးပြား ၈၀၀၀၀၊ အမ် ၁၆ ကျည်အိမ်အတို ၁၀ခု၊ အမ် ၁၆ကျည် ၁၉၅တောင့်၊ ၉ မမကျည်တောင့် ၁၀၀တို့ကို ဖမ်းဆီးရမိခဲ့ပါကြောင်း။

ပြည်တွင်းကိုတင်သွင်းလာ

၎င်းနေရာတွင် အလျဉ်းသင့်သဖြင့် မူးယစ်ဆေးဝါးပြုလုပ်ရာမှာ အဓိက ကုန်ကြမ်းပစ္စည်းတစ်ခုဖြစ်သော ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုကို သီးခြားခွဲခြားတင်ပြလိုပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့ တားဆီးနှိမ်နင်းရေးအဖွဲ့ဝင်များအနေဖြင့် စိတ်ကြွဆေးပြားများ ဖြစ်လာစေသည့် အဓိက ကုန်ကြမ်းဓာတုပစ္စည်းများကို နေရာအနှံ့မှာ ဒေသခံပြည်သူများ၏ အကူအညီဖြင့် ထိထိရောက်ရောက် နှိမ်နင်းနေခဲ့သဖြင့် မူးယစ်ဆေးဝါး မှောင်ခိုသမားများ အနေနှင့် စိတ်ကြွဆေးပြား ထုတ်လုပ်ရာမှာ အဓိကကျသည့် ဓာတုပစ္စည်းများ လွယ်လွယ်ကူကူ မရနိုင်တော့သည့် အခြေအနေဖြစ်လာပါကြောင်း၊ ယခုလို အခြေအနေ

မျိုးမှာ မူးယစ်ဆေးဝါး မှောင်ခိုသူများသည် တစ်ဖက်နိုင်ငံက ဆူဒိုအက်ဖီဒရင်း အိမ်သုံးဆေးဝါးများကို နည်းမျိုးစုံနှင့်ပြည်တွင်းကို တင်သွင်းလာခဲ့ပါကြောင်း၊ ယင်းဆေးဝါးများသည် စိတ်ကြွဆေးထုတ်လုပ်ရာမှာ အဓိက ကုန်ကြမ်းဖြစ်သည့် အက်ဖီဒရင်း ဓာတုပစ္စည်းများ ပြန်လည်ထုတ်ယူနိုင်ကြောင်း ဖော်ထုတ်သိရှိလာသည့်အခါမှာ တရားမဝင် ဝင်ရောက်လာသော ဆူဒိုအက်ဖီဒရင်း အိမ်သုံးဆေးဝါးများကို အလေးထား တားဆီးလာခဲ့ရပါကြောင်း။

...ိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယကနှင့် သံအမတ်ကြီးများ၊ သံရုံးများမှ တာဝန်ရှိ ...က်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ရန်ကုန်အခြေစိုက် နိုင်ငံခြား ...ရေး အရာရှိများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းထောက်များ ခင်းကျင်းပြသ ...ည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစမ်းသပ် စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ဓာတုကုန်ကြမ်းပစ္စည်းဆိုသည်မှာ ဖွံ့ဖြိုးဆဲဖြစ်သည့် မိမိတို့လိုနိုင်ငံမျိုး၌ မထွက်ကြောင်း၊ စက်မှုနိုင်ငံများမှာသာ ထွက်ရှိတာ ဖြစ်ပါကြောင်း၊ ၎င်းဓာတုပစ္စည်းများက အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် မိမိတို့နိုင်ငံဆီကို ဝင်ရောက်လာခြင်းဖြစ်ပါကြောင်း၊ ရှေးယခင်ကာလများတုန်းက ၎င်းဓာတုပစ္စည်းများသည် သူ့နဂိုပုံစံအတိုင်း ဝင်လာခြင်းဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အသွင်ပြောင်းပြီး အိမ်သုံးဆေးဝါးများမှတစ်ဆင့် ဝင်လာနေကြပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံချင်း သတင်းဖလှယ်မှုများပြုလုပ်ပြီး တားဆီးနှိမ်နင်းရေးများ ပြုလုပ်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ချက်များကြောင့် ဓာတုကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်နိုင်သည့် ဆူဒိုအက်ဖီဒရင်းဆေးပြား ဖော်ထုတ်ဖမ်းဆီးရမိမှုများ များစွာရှိခဲ့ပြီး ဖြစ်စဉ်အချို့ကို ထုတ်နုတ်တင်ပြရမည်ဆိုလျှင် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့က ချင်းရွှေဟော် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ထော်လာဂျီလေးစီးပေါ်မှ အက်ဖီဒရင်းပါသည့် ဆေးပြား ၈ဒသမ၁၆သန်း ဖမ်းဆီးရမိခဲ့ပါကြောင်း၊ စစ်ကြောချက်အရ ၎င်းဆေးပြားများသည် တစ်ဖက်နိုင်ငံမှ ရယူခဲ့ကြောင်း ဖော်ထုတ်သိရှိခဲ့ရပါကြောင်း။

သိမ်းဆည်းရမိ

ထို့ပြင် မေ ၆ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့ ဝမ်တာပင်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဟိုင်းလတ်ယာဉ်အတွင်းမှ တရားမဝင် ဆူဒိုအက်ဖီဒရင်း ဆေးပြား ၄၁၄၇၀၀ကို သိမ်းဆည်းရမိခဲ့ပါကြောင်း။

ထို့ပြင် စက်တင်ဘာ ၁ရက်တွင် ပူးပေါင်းအဖွဲ့က တာချီလိတ်မြို့ အမှတ်(၁) ချစ်ကြည်ရေးတံတား၌ ဆိုင်ကယ်အတွင်းမှ ဆူဒိုအက်ဖီဒရင်း ဆေးပြား ၄၈၈၇၀ကို သိမ်းဆည်းရမိခဲ့ပါကြောင်း။

အလားတူပင် အောက်တိုဘာ ၁၄ရက်တွင်လည်း ပူးပေါင်းအဖွဲ့က ကျိုင်းတုံမြို့ နောင်နွန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ဟီးနိုးခြောက်ဘီးကားအတွင်းမှ အက်ဖီဒရင်းပါသည့် အိမ်သုံးဆေး ၃၁မျိုး အရေအတွက် ၁ ဒသမ ၆၈သန်း ရှာဖွေသိမ်းဆည်းနိုင်ခဲ့ပါကြောင်း။

နိုဝင်ဘာ ၁၀ရက် နံနက် ၁၀နာရီခွဲတွင် ပူးပေါင်းအဖွဲ့က ပုသိမ်ကြီးမြို့နယ် ၁၆မိုင် ကျောက်ချောစစ်ဆေးရေးစခန်းများ၌ ၁၂ဘီး နီဆန်းယာဉ်ပေါ်မှ ဆူဒိုအက်ဖီဒရင်း ဆေးပြား ၄၅၆၇၂၅၅ ပြား ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ အဆိုပါနေ့ ၁၁နာရီတွင် အောင်မြေသာစံမြို့နယ်မှာရှိသည့် အိမ်တစ်အိမ်မှ ဆူဒိုအက်ဖီဒရင်းဆေးပြား ၄၄၅၂၃၀ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ကွင်းဆက် သတင်းများအရ ယင်းနေ့ ၁၁နာရီ ၅မိနစ်တွင်လည်း ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ဖူဆို ၁၀ဘီးယာဉ်ပေါ်မှ ဆူဒို

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Robert Chua Hian Kong တို့ မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးစဉ်။ (သတင်းစဉ်)

အက်ဖီဒရင်း ဆေးပြား ၂၂၃၉၅၅၀ ထပ်မံဖမ်းဆီးရခဲ့မိပါကြောင်း၊ ၎င်းဖြစ်စဉ်တွင် ဖမ်းဆီးရမိ ဆေးပြားစုစုပေါင်း ၇၂၅၂၀၃၅ပြား ရှိပါကြောင်း၊ ဖမ်းဆီးရမိ ဆေးပြားများအားလုံးသည် တံဆိပ်များအရ အိမ်နီးချင်းနိုင်ငံများကသာ ဝင်ရောက်လာခြင်းဖြစ်ပါကြောင်း။

အထက်ကတင်ပြခဲ့သည့် ဖမ်းဆီးရမိမှုဖြစ်စဉ်များနှင့်ပတ်သက်ပြီး သတင်းကွင်းဆက်များကို စိစစ်ဖော်ထုတ်ဆဲ ဖြစ်ကြောင်းလည်း တင်ပြလိုပါကြောင်း။

ပူးပေါင်းဆောင်ရွက်

Precursor ဟုခေါ်သည့် ဓာတုကုန်ကြမ်းမရှိလျှင် မူးယစ်ဆေးဝါးဆိုသည်မှာ ဖြစ်မလာပါကြောင်း (No Precursor ၊ No Drugs)၊ ထို့ကြောင့် ဓာတုကုန်ကြမ်း Precursor Chemical များ မိမိနိုင်ငံအတွင်းသို့ တရားမဝင် လမ်းကြောင်းပြောင်းလဲ စီးဝင်မလာရန် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် အလွန်အရေးကြီးနေပါကြောင်းလည်း တင်ပြလိုပါကြောင်း။

တစ်ဆက်တည်းမှာပင် အထက်က မိမိတင်ပြခဲ့သည့် ကိန်းဂဏန်းများကိုကြည့်လျှင် လူအများအား အန္တရာယ်ဖြစ်စေမည့် မူးယစ်ဆေးဝါးဆိုသည့်ဘဝကို ရောက်မလာနိုင်အောင် ဓာတုပစ္စည်းဘဝကတည်းက မိမိတို့ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များက တားဆီးနိုင်ခဲ့ခြင်းသည် မူးယစ်ဆေးဝါးဖြစ်လာမည့် ပမာဏများစွာကို တားဆီးနိုင်ခဲ့သည် ဆိုခြင်းကို ခန့်မှန်းတွက်ချက် သိရှိနိုင်ကြမှာ ဖြစ်ကြောင်းလည်း အသိပေးပြောကြားလိုပါကြောင်း။

ဆက်လက်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်မြေအတွင်း၌ တင်ပြပြီးဖြစ်သည့် ၂၀၀၉ခုနှစ် ဇွန် ၂၆ရက်မှ ယနေ့အထိ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြား၊ ဓာတုဆေးရည်နှင့် ဆက်စပ်ပစ္စည်းများ၏ ပမာဏကို ထုတ်နုတ်တင်ပြရမည်ဆိုလျှင် -

(က)	စိတ်ကြွဆေးပြား	၆၉၉၈၅၅၄	ပြား
(ခ)	ဘိန်းဖြူ	၈၁၉ဒသမ၇၅၃၆	ကီလို
(ဂ)	အိုက်စ်	၁၀ဒသမ၀၄၅	ကီလို
(ဃ)	ဘိန်းစိမ်း	၁၅၆ဒသမ၃၁၈၅၅	ကီလို
(င)	စိတ်ကြွဆေးမှုန့်	၀ဒသမ၁၈	ကီလို
(စ)	စိတ်ကြွဆေး ရေစို	၀ဒသမ၀၃၉၄	ကီလို
(ဆ)	ကဖင်း	၁၀၃၁	ကီလို
(ဇ)	ဘိန်းဆီခဲ	၀ဒသမ၀၃၁	ကီလို
(ဈ)	ဘိန်းချေး	၀ဒသမ၀၁၈	ကီလို

ရှိပါကြောင်း အသိပေးပြောကြားလိုပါကြောင်း။

အခု ဖမ်းဆီးရမိထားသည့် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါး၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများသည် စုစုပေါင်းတန်ဖိုးအနေနှင့် မြန်မာငွေကျပ် ၉၃ဘီလီယံ ကျော်ခန့်ရှိပြီး အမေရိကန်ဒေါ်လာ ၉၃သန်းကျော်ခန့်ရှိပါကြောင်း အသိပေးတင်ပြလိုပါကြောင်း။

နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကြီးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူပြီး မိမိနိုင်ငံမှာရှိသည့်သယံဇာတ အရင်းအမြစ်တွေအပေါ်မှာ အခြေပြု၍ စွမ်းအားပြည့် ကြိုးပမ်းဆောင်ရွက်နေရာမှာ မဟာဗျူဟာ(၂)ရပ်နှင့် နည်းဗျူဟာ(၃)ရပ်ချမှတ်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၁၉၉၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ အကျုံးဝင်သည့် မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ် စီမံကိန်းကြီးကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အရှိန်အဟုန်မြှင့်

ယနေ့အချိန်အခါကာလသည် (၁၅)နှစ်စီမံကိန်း၊ ဒုတိယ (၅)နှစ်ပိုင်း၏ နောက်ဆုံးနှစ်ကို ရောက်ရှိနေပြီဖြစ်သဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းရပ်ကြီး အတော်ပင်အောင်မြင် ခရီးရောက်နေပြီဟုဆိုရမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းရပ်များအပေါ် အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း သုံးစွဲမှုပပျောက်ရေးအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)က ချမှတ်ထားသည့် **"မူးယစ်ဆေး လွှမ်းမိုးစိုးမိုးနေရင် မင်းဘဝ၊ မင်းမိသားစု၊ မင်းပတ်ဝန်းကျင် မလုံခြုံပါ"** "No individual, family or community is safe where illicit drugs take control "ဟူသော ဆောင်ပုဒ်နှင့်အညီ လူထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများ၊ ဆေးစွဲသူများ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း နိုင်ငံအဝန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိနေကြောင်း ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာလုပ်ငန်းများကို မိမိတို့ တစ်နိုင်ငံတည်းဆောင်ရွက်၍ မရသကဲ့သို့ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရမှာကို သိရှိခံယူသည့်နည်းတူ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများဖြစ်သော အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ လာအို၊ ရုရှားဖက်ဒရေးရှင်း၊ ဖိလစ်ပိုင်၊ တရုတ်နှင့် ထိုင်းစသည့် နိုင်ငံများနှင့်လည်း နားလည်မှုစာချွန်လွှာ (Memorandum of Understanding - MoU) များ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

စွမ်းအားကုန်ကြိုးပမ်း

နိဂုံးချုပ်အနေနှင့် အထက်ကတင်ပြခဲ့သည့် ဖမ်းဆီးအရေးယူမှုများကိုကြည့်လျှင် နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးဆိုသည့် မူးယစ်ဆေးဝါးပပျောက်ရေး နည်းဗျူဟာလုပ်ငန်းစဉ်(၃)ရပ်ကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် မဖြစ်မနေကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိသာထင်ရှားနေပါကြောင်း၊ တစ်ဖက်ကလည်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံး၌ မိမိတို့တာဝန်ရှိနိုင်ငံ့ဝန်ထမ်းများအနေဖြင့် မူးယစ်ဆေးဝါးကိစ္စများကို မလိုလားကြသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိဆန့်ကျင်နေကြသော ပြည်သူများနှင့် လက်တွဲပူးပေါင်းပြီး ဆက်လက်ရှင်းလင်းဖော်ထုတ်ဆောင်ရွက်သွားမှာလည်းဖြစ်ပါကြောင်း၊ အခြားတစ်ဖက်ကလည်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပြည်သူများ၏အားနှင့်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရင်း မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကြီး အောင်မြင်နိုင်ရေးအတွက် အပြည့်အဝ စွမ်းအားကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစမ်းသပ်

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယကနှင့် သံအမတ်ကြီးများ၊ သံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ရန်ကုန်အခြေစိုက် နိုင်ငံခြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရာရှိများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပသတင်းထောက်များသည် ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများနှင့် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို အသေးစိတ် ကြည့်ရှုစမ်းသပ်စစ်ဆေးကြသည်။

မီးရှို့ဖျက်ဆီး

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး

စာမျက်နှာ ၁၁ ကော်လံ ၅

စိတ်ရင်းစေတနာမှန်ပြီး ရိုးသားမယ်ဆိုရင်

ချမ်းမြအေး

အခုရက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံတော်အကြီးအကဲထံ အိတ်ဖွင့်ပေးစာတွေနဲ့ ပတ်သက်လို့ ပြည်တွင်းနိုင်ငံရေးအသိုင်းအဝိုင်းနဲ့ ပြည်ပမီဒီယာတွေ ချိတ်ဆက်ပြီး အမျိုးမျိုးဝေဖန်သွေးထိုးရင်း တွန်းပို့နေကြတာ တွေ့ရပါတယ်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကမ်းလှမ်းချက်ကို လက်ခံသင့်တယ်၊ အခုထိ အကြောင်းမပြန်သေးတာ မဖြစ်သင့်ဘူးစသဖြင့် ဘေးတီးတွန်းပို့လုပ်နေကြတာ မကြားချင်မှအဆုံးပါပဲ။ မိုးလုံးပြည့် မုသာဝါဒ အသံလွှင့်ဌာနတွေပီပီ သာသာထိုးထိုး ဗလောင်းဗလဲစကားတွေ တွင်တွင်ပြောပြီး ကျွန်တော်တို့ နိုင်ငံကို အနောက်အလိုကျ ပုံသွင်းနိုင်ဖို့ ဖိအားပေးနေကြတာ သိသာလှပါတယ်။

တကယ်တမ်းကျတော့ သူတို့ ဒီလိုပြောနိုင်ဆိုနိုင် အာချောင်နိုင်နေတာကလည်း ပြည်တွင်းက အစထောင်ပေးတဲ့ ပုဆိန်ရိုးတွေ ရှိနေတာကြောင့်ဆိုရင်မမှားပါဘူး။ ပြည်တွင်းဆန့်ကျင်ဘက်အုပ်စုတွေက အခုလို အစထောင်ပေးလို့သာ ပြည်ပမီဒီယာတွေက ဒါကို ပွသထက်ပွအောင် ဝိုင်းပြီးဖွဖို့အခွင့်အရေး ရနေကြတာ ဖြစ်ပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ပြီးခဲ့တဲ့ ၂၀၀၉ခုနှစ် စက်တင်ဘာလ ၂၈ရက်နေ့မှာ NLDရဲ့ အထူးကြေညာချက် ၆/၀၉/၀၉ နဲ့အတူ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်အကြီးအကဲဆီ လိပ်မူပြီးရေးတဲ့စာ ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒီစာမှာ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများ ရုပ်သိမ်းပယ်ဖျက်ရေးအတွက် အစိုးရနဲ့ပူးပေါင်းဆောင်ရွက်လိုပါတယ်လို့ ဆိုခဲ့ပါတယ်။

သေချာစွာ လေ့လာသုံးသပ်ကြည့်ရင် တစ်ချိန်တုန်းက ပိတ်ဆို့ရေးကို သူမတို့တောင်းဆိုခဲ့တာ အမှန်ပါပဲ။ အခုအထိလည်း ပိတ်ဆို့မှုများနဲ့ ပတ်သက်ပြီး သူမရဲ့ မူဝါဒပေါ်လစီကို ပြတ်ပြတ်သားသား ပြောင်းလဲပြောကြားလာတာ မတွေ့ရပါဘူး။ အဲဒီလိုပြတ်ပြတ်သားသားမပြောဘဲ အမေရိကန်က အခုလိုပိတ်ဆို့ရေးနဲ့ တိုက်ရိုက်ထိတွေ့ ဆက်ဆံရေးမူဝါဒ ကျင့်သုံးမယ်ဆိုပြီး လုပ်လာတဲ့အချိန်ကျမှ အဲဒါနဲ့တွဲပြီး ပိတ်ဆို့ရေးရုပ်သိမ်းဖို့ သူမက ပူးပေါင်းဆောင်ရွက်လိုပါတယ်လို့ လုပ်လာတာဟာ ရှေ့နောက်ညီညွတ်မှု မရှိတဲ့အပြင် စဉ်းစားတွေးတောစရာ ဖြစ်နေတာတော့ အမှန်ပါပဲ။ သို့သော် အစိုးရဘက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တောင်းဆိုချက်တွေကို ရိုးသားစွာနဲ့ လိုက်လျောခွင့်ပြုပေးခဲ့တာ တွေ့ရပါတယ်။ ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ကြိမ်တွေ့ဆုံခဲ့ပြီးနောက် ဒေါ်အောင်ဆန်းစုကြည် တောင်းဆိုတဲ့အတိုင်း အနောက်အုပ်စုက ပြည်ပသံတမန်သုံးဦးနဲ့ရော၊ NLD CEC နဲ့ပါ ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ဆုံခွင့်ပြုပေးခဲ့တာ အားလုံးအသိပါပဲ။

အဲဒီနောက်ပိုင်းမှာ နိုဝင်ဘာ ၁၁ ရက်စွဲနဲ့ နိုင်ငံတော်အကြီးအကဲဆီကို ဒုတိယမြောက်ပေးစာ ပေးပို့ခဲ့ပြန်ပါတယ်။ အဲဒီစာမှာတော့ နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိမယ့်လုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်လိုပါတယ်လို့ ပဏာမပျိုးပြီး နေမကောင်းဖြစ်နေတဲ့ NLD CEC တွေနဲ့ တွေ့ဆုံကန်တော့ဖို့၊ ကျန် NLD CEC တွေနဲ့ တွေ့ဖို့၊ နိုင်ငံတော်အကြီးအကဲနဲ့ တွေ့ဆုံဖို့စသဖြင့် တောင်းဆိုလာတာကို တွေ့ရပါတယ်။

ဒီနေ့ ဒီအချိန်ဟာ နိုင်ငံတော်ဘက်က ပြည်တွင်းနိုင်ငံရေးအင်အားစုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်လိုက်လျော ဆောင်ရွက်ပေးနေသလို တစ်ဖက်ကလည်း အမေရိကန်နဲ့ဆက်ဆံရေး တိုးမြှင့်ဖို့ကြိုးပမ်းနေချိန်ဖြစ်ပါတယ်။ ပြောရရင် နိုင်ငံတော်အစိုးရဘက်က အပေါင်းလက္ခဏာကို အပြည့်အဝဆောင်နေတဲ့အချိန်ပါပဲ။ဒီလိုအခြေအနေမျိုးမှာ တစ်ဖက်ကလည်း စစ်မှန်တဲ့ အပေါင်းလက္ခဏာမျိုးသာ ဆောင်ခဲ့မယ်ဆိုရင် ထူးခြားအောင်မြင်တဲ့ ရလဒ်ကောင်းတွေ ထွက်ပေါ်လာဖို့ အလှမ်းမဝေးလှပါဘူး။ ဒါပေမယ့် NLDနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ အပြုအမူ လုပ်ရပ်တွေဟာ စစ်မှန်တဲ့ အပေါင်းလက္ခဏာ မဆောင်သေးဘူးလို့ ရှုမြင်ချင်စရာ ဖြစ်နေပါတယ်။

ဒီပေးစာ နှစ်စောင်ကို ကြည့်ရင် ရိုးသားမှုမရှိတာ တွေ့နိုင်ပါတယ်။ တကယ်တော့ နိုင်ငံတော်အစိုးရကို ရိုးရိုးသားသားချဉ်းကပ်ပြီး ညှိနှိုင်းဖို့ ကြိုးစားတာမျိုးသာ ဖြစ်သင့်ပါတယ်။ အခုတော့ မရိုးသားတဲ့သဘော၊ ''ကိုယ်ကောင်း သူများဆိုး''ဖြစ်အောင် လုပ်တဲ့သဘောဖြစ်နေပြီး တည်ဆဲအစိုးရရဲ့ Image ပျက်အောင် ရည်ရွယ်လုပ်သလိုမျိုးလို့ပဲ ကျွန်တော် ခံစားမိပါတယ်။

တကယ်တော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLDအနေနဲ့ နိုင်ငံတော်အကျိုးအတွက် ပူးပေါင်းဆောင်ရွက်ချင်တယ်ဆိုလို့ရှိရင် နိုင်ငံတော်အကြီးအကဲဆီကို တိုက်ရိုက်စာရေးပေးပို့နိုင်ပါတယ်။ ဒါပေမယ့် အခုလိုမျိုးပေးစာကို စာတိုက်ကပို့ပြီး ကာယကံရှင်လက်ထဲ မရောက်မီကတည်းက အင်တာနက်ကအစ အသံလွှင့်ဌာနအဆုံး မီဒီယာတွေမှာ ပျံ့နေအောင်ကြံပြီး ဖွထားတာမျိုးကတော့ မဖြစ်သင့်ပါဘူး။ ပထမအကြိမ် ပေးစာတုန်းက နိုင်ငံတော်အကြီးအကဲဆီ မရောက်မီကတည်းက NLD က ကြေညာချက်ထုတ်ပြီး ပူးတွဲဖြန့်ဝေခဲ့လို့ မီဒီယာတွေမှာ အကြီးအကျယ် ပလူပျံသွားခဲ့ပါတယ်။ မီဒီယာပေါင်းစုံကနေ ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလား၊ ငါလည်း မလုပ်တတ်ဘူးဆိုတဲ့ အချိုးမျိုးနဲ့ အတို့အထောင်၊ အချွန်အတွန်းတွေ ပွက်လောညံပြီးနောက်မှာမှ သက်ဆိုင်ရာကာယကံရှင်ထံ အဲဒီစာရောက်ရှိခဲ့ရတာပါ။ အစိုးရတစ်ရပ်အနေနဲ့ ပြောရရင် သားဆိုး သမီးဆိုးမွေးထားမိတဲ့ မိဘလိုပဲ ''ငါ့သား ငါ့သမီးများ မိဘအပေါ်မသိသား ဆိုးရွားလှပါကလား''ဆိုပြီး စိတ်မကောင်းခြင်းကြီးစွာဖြစ်ရမှာ အသေအချာပါပဲ။ ဒါပေမယ့် နိုင်ငံတော်အပိုင်းက မိဘပီပီ သဘောထားကြီးကြီးထားပြီး တတ်နိုင်သမျှ အပြုသဘောဆောင် လိုက်လျောပေးခဲ့တာ တွေ့နိုင်ပါတယ်။

နိုင်ငံတော်ဘက်က ဒီလိုအပြုသဘော တုံ့ပြန်လိုက်လျောလာတဲ့အပေါ် နားလည်သိတတ်တဲ့ သားသမီးဆိုရင် အားနာပြီး အချိုးပြောင်းလာမှာ အမှန်ပါပဲ။ သို့သော် ဒေါ်အောင်ဆန်းစုကြည်တို့ဘက်ကတော့ အချိုးမပြောင်းတဲ့အပြင် ဒုတိယပေးစာမှာ ဒီထက်ပိုဆိုးတဲ့ အချိုးမျိုးထပ်လုပ်လာပြန်ပါတယ်။ ဒီတစ်ခါမှာတော့ ပေးစာကို ပေးပို့နေဆဲကာလမှာပဲ NLD ဗဟိုလုပ်ငန်းဖော်ဆောင်ရေး လူငယ်အဖွဲ့ကနေ မီဒီယာတွေမှာ တိတ်တိတ်ကလေး ကြိုဖြန့်ခဲ့တယ်လို့ဆိုပါတယ်။ ပြီးတော့မှ အစိုးရကပဲ ဖွင့်ချဖော်ပြထား သယောင်ယောင် ''ကလိမ်စေ့ငြမ်းဆင်''ပြီး ဦးအောင် လက်ညှိုးထိုးဖို့ ကြိုးစားခဲ့ပါသေးတယ်။ နောက်ဆုံးကျမှ လက်သည်ဟာ NLD ထဲကပဲဆိုတာ ချော်လဲရောထိုင် ဝန်ခံခဲ့တာတွေ့ရပါတယ်။

ဒီအချိန်မှာ မီဒီယာပေါင်းစုံက ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါ၊ ဒါကိုလက်မခံသေးဘူး၊ ဒါနဲ့ပတ်သက်ပြီး အကြောင်းမပြန်သေးဘူးဆိုပြီး အမျိုးမျိုးအောက်ကလိအာ လုပ်နေကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စဟာ မီဒီယာတွေထဲမှာ မပျံ့ပျံ့အောင် ကြိုဖြန့်ပြီး မီဒီယာတွေရဲ့ ဖိအားကိုယူဖို့ ဖန်တီးအကွက်ဆင်တယ်ဆိုတာကတော့ ထင်ရှားလှပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ''ဒို့ဘက်ကတော့ ဒီလိုကမ်းလှမ်းထားပြီ ကျန်တဲ့ကိစ္စက ဟိုဘက်ကိစ္စ၊ ဟိုဘက်ကိုသာ ပြောကြပေတော့''ဆိုတဲ့ သဘောမျိုးနဲ့ မီဒီယာတွေကတစ်ဆင့် တည်ဆဲအစိုးရကို ဖိအားပေးအကျပ်ကိုင်ဖို့ ကြိုးပမ်းမှုတစ်ရပ်ပဲလို့ ကျွန်တော်သုံးသပ်မိပါတယ်။

ဒါကလည်း အခုမှမဟုတ်ပါဘူး။ ယခင်ကလည်း အဲဒီလိုလုပ်ခဲ့တာ အားလုံးမှတ်မိကြဦးမှာပါ။ ဝန်ကြီးဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့တွေ့ဆုံမှုတွေ လုပ်နေဆဲကာလ၊ တစ်ဖက်နဲ့တစ်ဖက် လိုအပ်ချက်တွေကို နားလည်သဘောပေါက်အောင် ဆွေးနွေးတိုင်ပင်ရခြင်း မရှိသေးမီမှာဘဲ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ၈-၁၁-၂၀၀၇ရက်စွဲနဲ့ မစ္စတာဂမ်ဘာရီက တစ်ဆင့် စင်ကာပူမှာတစ်ဖက်သတ် ကြေညာချက်ထုတ်ပြန်ခဲ့တာ ရှိပါတယ်။ မစ္စတာ ဂမ်ဘာရီရဲ့ ခရီးစဉ်အတွင်း နိုင်ငံတော်အစိုးရက မစ္စတာဂမ်ဘာရီနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံနိုင်အောင် စီစဉ်ပေးခဲ့တဲ့အပေါ် အခွင့်ကောင်းယူပြီး မစ္စတာ ဂမ်ဘာရီအပြန်မှာ တိတ်တိတ်ကလေးစီစဉ်ပေးလိုက်တဲ့ ကြေညာချက်ပါပဲ။ နိုင်ငံတော်ရဲ့ လိုက်လျောမှုအပေါ် အဲဒီလို မရိုးမသား သဘောထားနဲ့ မီဒီယာကို လက်ဦးအောင်ဖွပြီး အသုံးချခဲ့တာကြောင့် မလိုလားအပ်ဘဲ အခြေအနေတွေ ရှုပ်ထွေးစေခဲ့တာ ကျွန်တော် မှတ်မိနေပါသေးတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အဲဒီလိုနှစ်ဖက်ဆွေးနွေးနေဆဲကာလ၊ ဆွေးနွေးဆဲလုပ်ငန်းစဉ်တစ်ရပ် မပြီးမြောက်သေးတဲ့ကာလမှာ နှစ်ဖက်သဘောတူညီမှုယူပြီးမှ မီဒီယာကို ထုတ်ပြန်သင့်တယ်ဆိုတာလောက်တော့ နားလည်သင့်ပါတယ်။ နားလည်ပြီးလည်း ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အခုလည်း ပြည်ပဆန့်ကျင်ဘက် မီဒီယာတွေနဲ့ ''ပုလင်းတူဘူးဆို့''လုပ်ပြီး သူတို့အားကိုးနဲ့ ဒီနည်းဟောင်းကြီးကိုပဲ ထပ်ပြန်တလဲ အသုံးချနေတာကတော့ ရိုးသားမှု မရှိဘူးလို့ ဆိုရမလိုဖြစ်နေပါပြီ။

လူဆိုတာ အမှားနဲ့မကင်းနိုင်ပါဘူး။ဘယ်သူမှလည်း ခြောက်ပြစ်ကင်းသဲလဲစင် မဟုတ်ကြပါဘူး။ တစ်ခါတလေတော့လည်း လုပ်မှားကိုင်မှား၊ ပြောမှားဆိုမှားဆိုတာ ရှိတတ်ကြတာပါပဲ။ တစ်ကြိမ်တစ်ခါမှားတာကို သွေးရိုးသားရိုးမတော်တဆပဲလေဆိုပြီ ဗွေမယူတတ်ကြပါဘူး။ ဒါကြောင့် တစ်ကြိမ်တစ်ခါ မှားတာမျိုးကို များသောအားဖြင့် ခွင့်လွှတ်နားလည်ပေးနိုင်ကြပါတယ်။ သို့သော် ဒီအမှားမျိုးကိုပဲ နှစ်ကြိမ်၊သုံးကြိမ် ဆိုသလို ထပ်ပြန်တလဲ ကျူးလွန်လာပြီဆိုရင်တော့ ဒါဟာ သွေးရိုးသားရိုးမှားယွင်းတာမျိုးမဟုတ်တော့ဘဲ ရည်ရွယ်ချက်ရှိရှိ အစီအမံချပြီး တမင်ကို အမှားကျူးလွန်နေတာလို့ သတ်မှတ်ရတော့မှာပါ။

အခုလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD တို့ဟာ မရိုးသားတဲ့ သဘောထားနဲ့ မီဒီယာကို လက်ဦးအောင်ဖွပြီး အသုံးချဖို့ ကြိုးစားခဲ့တာ သုံးကြိမ်တိုင်တိုင် ရှိခဲ့ပါပြီ။ ဒါဟာ သွေးရိုးသားရိုး လုပ်ဆောင်မှုမဟုတ်တော့ပါဘူး။ တမင်ကို ရည်ရွယ်ချက်ရှိရှိနဲ့ ကြိုတင်စီစဉ်အကွက်ချပြီး ဆောင်ရွက်တဲ့သဘော ဆောင်နေပါပြီ။

ဒီလို တစ်ဖက်က မရိုးမသား မီဒီယာကိုအသုံးချပြီး အပိုင်ချည်ပြီး တုပ်ပြီးဖြစ်အောင် ကြိုးပမ်းလာမှုတွေကြောင့် ကျန်တစ်ဖက်က ပြန်ပြီးတုံ့ပြန်လာမယ့် လုပ်ငန်းစဉ်တွေအပေါ် နှောင့်နှေးသွားစေနိုင်မလားဆိုတာကို ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ လက်ရှိဖြစ်စဉ်ကို အပေါ်ယံကြည့်ရင်

ဒီပေးစာနှစ်စောင်ကို ကြည့်ရင် ရိုးသားမှုမရှိတာ တွေ့နိုင်ပါတယ်။ တကယ်တော့ နိုင်ငံတော် အစိုးရကို ရိုးရိုးသားသား ချဉ်းကပ်ပြီး ညှိနှိုင်းဖို့ ကြိုးစားတာမျိုးသာ ဖြစ်သင့်ပါတယ်။ အခုတော့ မရိုးသားတဲ့သဘော၊ ''ကိုယ်ကောင်း သူများဆိုး'' ဖြစ်အောင်လုပ်တဲ့ သဘောဖြစ်နေပြီး တည်ဆဲအစိုးရရဲ့ Image ပျက်အောင် ရည်ရွယ်လုပ် သလိုမျိုးလို့ပဲ ကျွန်တော် ခံစားမိပါ တယ်။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အပြုသဘော ကမ်းလှမ်းတယ်လို့ ဆိုနိုင်ပေမယ့် အခုလိုမီဒီယာကို မရိုးမသားအသုံးချနေတာကြောင့် ဦးတည်ချက် ပြောင်းလဲသွားပြီး တကယ့်အနှစ်သာရက ကျန်တစ်ဖက်အနေနဲ့ အပြုသဘောတုံ့ပြန်နိုင်ဖို့ ခက်ခဲသွားအောင် တင်ကြိုပြီး ဖျက်ဆီးပစ်လိုက်သလိုမျိုး ဖြစ်နေပါပြီ။ ဒါပေမယ့်လည်း မိဘဖြစ်တဲ့ အစိုးရအနေနဲ့ကတော့ သဘောထား ကြီးကြီးထားပြီး လုပ်သင့်တာလုပ်ပေးလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

ဒီလိုကိစ္စမျိုးဆိုတာ နှစ်ဦးနှစ်ဖက်အကြားမှာပဲ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ဖြစ်သင့်တာပါ။ ဒါကို အချိန်မတိုင်မီ လက်ဦးမှုယူပြီး မီဒီယာကို ဖွင့်ချခဲ့တဲ့ အကျိုးဆက်အဖြစ် ပြည်ပမီဒီယာတွေရဲ့ နှုတ်သီးကောင်းလျှာပါး၊ မရောင်ရာဆီလူး ဝေဖန်လေကန်မှုတွေကြောင့် တစ်ဖက်က လှမ်းလာမယ့် ခြေလှမ်းတန့်သွားအောင်၊ ကမ်းလာမယ့်လက် ပြန်ရုပ်သွားအောင် လုပ်သလို ဖြစ်မနေပေဘူးလားဆိုတာ လေးလေးနက်နက်ပြန်ပြီး စဉ်းစားသုံးသပ် ကြစေချင်ပါတယ်။ ပြည်တွင်းဆန့်ကျင်ဘက် အင်အားစုတွေအနေနဲ့ အခုလို ပေးစာတွေကို ရှေ့တန်းတင်ပြီး သူတို့ရဲ့ မဟာဗျူဟာ၊ နည်းဗျူဟာလမ်းလွှဲမှုတွေကို ပြန်ပြီး အဖတ်ဆယ်နိုင်အောင် ကြိုးစားရင်း တစ်ဖက်ကလည်း ပြည်ပမီဒီယာတွေအားကိုးနဲ့ တည်ဆဲအစိုးရအပေါ် အပြစ်ပုံချနိုင်အောင် ပုံဖော်နေတာမျိုးကတော့ ဘယ်လိုမှ မဖြစ်သင့်ပါဘူး။

ပြန်ချုပ်ပြီး ပြောရရင် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နိုင်ငံတော်အကြီးအကဲဆီ ပေးစာရေးပို့တာ လက်ခံနိုင်ပါတယ်။ ဒါပေမယ့် အခုလို မရိုးမသားအကြံနဲ့ မီဒီယာမှာဖွင့်ချပြီးမှ အားလုံးနိုင်ငံတော်အစိုးရကြောင့်ဆိုတာမျိုးဖြစ်အောင် ဘော်လီဘောပုတ်နေတာမျိုးကတော့ လုံးဝမဖြစ်သင့်ပါဘူး။ တကယ်တော့ နိုင်ငံနဲ့ ပြည်သူအကျိုးကို အမှန်တကယ်လိုလားတယ်ဆိုရင်၊ ရိုးသားပြီး စိတ်ရင်းစေတနာလည်း တကယ်မှန်တယ်ဆိုရင် ကိုယ့်ဘက်က ရပ်တည်မှုကို ပွင့်ပွင့်လင်းလင်းတင်ပြပြီး နိုင်ငံတော်အစိုးရကို ရိုးရိုးသားသား ချဉ်းကပ်ညှိနှိုင်းဖို့ ကြိုးစားရင်တော့ အကောင်းဆုံးဖြစ်မှာပဲလို့ ယုံကြည်မိပါတယ်။ ။

လက်ရှိဖြစ်စဉ်ကို အပေါ်ယံကြည့်ရင် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အပြုသဘော ကမ်းလှမ်းတယ်လို့ဆိုနိုင်ပေမယ့် အခုလိုမီဒီယာကို မရိုးမသားအသုံးချနေတာကြောင့် ဦးတည်ချက် ပြောင်းလဲသွားပြီး တကယ့်အနှစ်သာရက ကျန်တစ်ဖက်အနေနဲ့ အပြုသဘောတုံ့ပြန်နိုင်ဖို့ ခက်ခဲသွားအောင် တင်ကြိုပြီး ဖျက်ဆီးပစ်လိုက်သလိုမျိုး ဖြစ်နေပါပြီ။ ဒါပေမယ့်လည်း မိဘဖြစ်တဲ့ အစိုးရအနေနဲ့ကတော့ သဘောထား ကြီးကြီးထားပြီး လုပ်သင့်တာလုပ်ပေးလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

လင်းခေးမြို့နယ်နှင့် မိုင်းပန်မြို့နယ်၌ ကျေးရွာစာကြည့်တိုက်တည်ဆောက်ရေး ကွင်းဆင်းစစ်ဆေး

လင်းခေး ဒီဇင်ဘာ ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ဝမ်ဟတ်ကျေးရွာတွင် နိုင်ငံတော်မှ ပံ့ပိုးငွေ ကျပ်၁ဝသိန်းဖြင့် စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာကို နိုဝင်ဘာ ၅ရက်က ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်ထူး၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းအေးခိုင်နှင့် ရုံးအဖွဲ့လိုက်ပါလျက် သွားရောက်ကြည့်ရှုရာ ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းလုံနှင့် စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံပြီး စာကြည့်တိုက်အဆောက်အအုံဖြစ်မြောက်ရေး လိုအပ်နေသည့် ရန်ပုံငွေရရှိရေးကို ညှိနှိုင်းဆွေးနွေးကြသည်။

ဟောပြော

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် အဖွဲ့သည် ဝမ်ဟတ်အခြေခံပညာအထက်တန်းကျောင်းတွင် (စတန်းမှ တက္ကသိုလ်ဝင်တန်း) ကျောင်းသား ကျောင်းသူများကို စာဖတ်ရှိန်မြှင့်တင်ရေးတွင် ပညာရည်မြင့်မားရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပသည်။

ကွင်းဆင်း

နိုဝင်ဘာ ၆ရက်တွင် မိုင်းပန်မြို့နယ် အုပ်ပေကျေးရွာသို့ မြို့နယ်ဦးစီးမှူး ဦးသန်းမြင့်လိုက်ပါလျက် စာကြည့်တိုက်ကို နိုင်ငံတော်ပံ့ပိုးငွေဖြင့် ဆောက်လုပ်ရေးအတွက် မြေနေရာသတ်မှတ်ခြင်း၊ ပြည်သူလူထုမှ ထပ်မံ၍ ရန်ပုံငွေလုပ်အားဖြင့် ပါဝင်ရေး ကွင်းဆင်းစည်းရုံး ဆောင်ရွက်ခဲ့သည်။ (ခရိုင် ပြန်/ဆက်)

သားပျက်/သားလျှော ပြုစုခြင်းဆိုင်ရာ အသိပေးဆွေးနွေးသင်တန်း ကျိုက်ထိုမြို့နယ်တွင်ဖွင့်

ကျိုက်ထို ဒီဇင်ဘာ ၈

ကျိုက်ထိုမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သားပျက်/သားလျှောပြုစုခြင်းဆိုင်ရာ အသိပေးဆွေးနွေးခြင်းနှင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၆ရက် နံနက် ၁ဝနာရီက မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်) မိခင်နှင့်ကလေးဌာနစိတ် ကွင်းဆင်းအရာရှိ ဒေါက်တာမြင့်မြင့်သန်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဖုန်းနိုင်က သင်တန်းဖွင့်ရခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်း သင်တန်းသား သင်တန်းသူ ၅၂ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်မြန်မာသတင်းဂျာနယ် ယခုအပတ်ထုတ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၉၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "အင်ဒိုနီးရှား၌ ရွှေတိဂုံပုံတူစေတီတော်တည်ထားလျက်ရှိ၊ မခိုင်ရွှန်းလဲ့ရည် သေဆုံးရသည့်အတွက် အထူးကုဆေးခန်းကြီးက မိသားစုနေအိမ်သို့ လာရောက်တောင်းပန်၊ ဉာဏ်တော်ပေ ၁၈ဝရှိ ဘုရားကြီးကို သြစတြေးလျ၌ တည်ထားပူဇော်မည်၊ စွန့်ပစ်ပလတ်စတစ်အမှိုက်များမှ စွမ်းအင်ထုတ်ရန် ဂျပန်နိုင်ငံက ကူညီမည်၊ မြန်မာ့ပထမဆုံး ရိုးရာလက်ဖွဲ့သင်တန်းကျောင်းကြီး တည်ဆောက်ပြီးစီး၊ နေပြည်တော်နှင့် ရန်ကုန်မြို့မှ အပ ၁၇ယ/---နံပါတ်ဖြင့် ဆိုင်ကယ်များ တစ်နိုင်ငံလုံးတွင် စီးခွင့်ပြုမည်၊ အမေရိကန်၌ ရွှေစည်းခုံပုံစံတူစေတီတည်မည်၊ လားရှိုးမြို့ ယာဉ်လေလံပွဲကို စိတ်ဝင်စားမှုများပြား၊ မြန်မာလူငယ်များ၏ နိုင်ငံတကာပညာရေး ဥရောပနိုင်ငံများသို့ ဦးတည်လာ၊ ကမ္ဘာ့ရွှေဈေးနှင့်အတူ မြန်မာ့ရွှေဈေး စံချိန်တင်မြင့်တက်၊ သရုပ်ဆောင်မော်ဒယ်လ် မြတ်နိုးခြိမ့် ကွယ်လွန်ရှာပြီ၊ မိုးပြည့်ပြည့်မောင်၏ မင်္ဂလာဧည့်ခံပွဲ၊ ရေနံချောင်းစက်မှုဇုန်မှ တစ်နှစ်အတွင်း ဆိုင်ကယ်စီးရေ ၁ဝဝဝဝ ကျော်ထုတ်လုပ်မည်၊ အဲလက်စ်နှင့် ကျားပေါက်တို့ အပြိုင်နွှဲ၊ မြန်မာနိုင်ငံရှိ ကလေးများအားလုံး ၂ဝ၁၅ခုနှစ်တွင် မူလတန်းပညာကို အခမဲ့သင်ယူနိုင်မည်၊ ထန်းဖူး ဓာတာမှ ကွန်ပျူတာဆော့ဖ်ဝဲလ်ဓာတာသို့ ရာနှုန်းပြည့်ပြောင်းလဲလာ၊ ဆူမိုနပန်းသမားတစ်ဦးအရွယ်ရှိ ဂျယ်လီငါးများ ဂျပန်နိုင်ငံကို တိုက်ခိုက်နေ၊ အာဂျင်တီးနားအလှမယ်ဟောင်း ပလတ်စတစ်ဆာဂျရီလုပ်ရာမှ သေဆုံး၊ အကြွားလွန်ကာ အကြွေးနစ်ရတဲ့ ဒူဘိုင်း၊ ဗြိတိသျှရွက်လှေသမားငါးဦးကို အီရန်ရေတပ်က ပြန်လွှတ်ပေးလိုက်ပြီ၊ အမေရိကန်သို့ ဦးတည်လာသော ဧရာမရေနံတင်သင်္ဘောကြီး ပြန်ပေးဆွဲခံရ၊ မျက်ခမ်းတွင် ချိတ်၍ ကားတစ်စီးကိုဆွဲပြ၊ သုက်ပိုးတွင် ပါဝင်သော ဗီဇက အမျိုးသားတို့၏ သက်တမ်းကို တိုစေသည်ဟုဆို၊ ဂျော့ဘုရှ်အား ဖိနပ်ဖြင့် ပစ်ပေါက်ခဲ့သည့် သတင်းထောက် သတင်းစာရှင်းလင်းပွဲ၌ ဖိနပ်ဖြင့် ပစ်ပေါက်ခံရ၊ ဇနီးသည်၏အလောင်းနှင့် ငါးနှစ်တိုင်အတူအိပ်ခဲ့သူ၊ ကမ္ဘာ့ပထမဆုံး လူလိုက်ပါသည့် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် စတင်ပျံသန်း၊ အိုစမာဘင်လာဒင် ဘယ်မှာလဲ၊ အင်ဒိုနီးရှား၌ မီးပုံးပေါင်း ၁ဝဝဝဝ တစ်ပြိုင်နက်လွှတ်တင်ပြီး ကမ္ဘာ့စံချိန်တင်၊ ရုရှားနိုက်ကလပ်ပေါက်ကွဲမှုတွင် လူ ၁၁၂ဦး သေဆုံး၊ နေကိုလိုက်၍ ပတ်ချာလှည့်နိုင်သော အိမ်တစ်လုံးတည်ဆောက်··" စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂ဝဝ၉-၂ဝ၁ဝ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်းတံတားလုပ်ငန်းအဖြစ် ဆောင်ရွက်သော ခြိတ်တောင်-တောင့်ချေ-ငပုကွ ကျေးလက်လမ်းပေါ်ရှိ သစ်သားတံတား ဆောင်ရွက်ပြီးစီးမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးထွန်းဝေ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်မြေအတွင်း မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

H.E.Mr. Robert Chua Hian Kong နှင့် ကျိုင်းတုံမြို့မှ မြို့မိမြို့ဖ ဦးစိုင်းအောင်ခမ်းတို့က မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးကြပြီး မွန်းလွဲ ၂နာရီ မိနစ် ၄ဝတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စိတ်ကြွဆေးပြားများ

ယနေ့အခမ်းအနားတွင် မီးရှို့ဖျက်ဆီးလိုက်သော မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြား၊ ဓာတုဆေးရည်နှင့် ဆက်စပ်ပစ္စည်းများမှာ စိတ်ကြွဆေးပြား ၆၉၉၈၅၅၄ပြား၊ ဘိန်းဖြူ ၈၁၉၁ဒသမ၇၅၃၆ ကီလို၊ အိုက်စ် ၁ဝဒသမ၀၄၅ ကီလို၊ ဘိန်းစိမ်း ၁၅၆ဒသမ၃၁၈၅၅ကီလို၊ စိတ်ကြွဆေးမှုန့် ဝဒသမ၁၈ကီလို၊ စိတ်ကြွဆေးရေစို ဝဒသမ၀၃၉၄ ကီလို၊ ကဖင်း ၁ဝ၃၁ ကီလို၊ ဘိန်းဆီခဲ ဝဒသမဝ၃၁ ကီလိုနှင့် ဘိန်းချေး ဝဒသမဝ၁၈ ကီလိုတို့ဖြစ်သည်။

စုစုပေါင်းတန်ဖိုး

အဆိုပါ ဖမ်းဆီးရမိ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြား၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းတို့၏ စုစုပေါင်းတန်ဖိုးမှာ မြန်မာငွေကျပ် ၉၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၉၃သန်းကျော်) ဖြစ်ကြောင်း သိရှိရသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong ဦးဆောင်

သည့် သံအမတ်ကြီးများ၊ သံရုံးများမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ရန်ကုန်အခြေစိုက် နိုင်ငံခြားမူးယစ်ဆေးဝါး တိုက်ဖျက်ရေး အရာရှိများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပသတင်းထောက်များသည် တာဝန်ရှိသူများလိုက်ပါလျက် ကျိုင်းတုံမြို့ ဖွံ့ဖြိုးတိုးတက်မှု၊ နောင်တုံကန်နှင့် ပတ်ဝန်းကျင်သာယာလှပမှု၊ ဒေသခံပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနေမှုနှင့် ရောင်းဝယ်ဖောက်ကားမှု၊ စတိုးဆိုင်များ ဖွင့်လှစ်ထားရှိမှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြပြီး ညနေပိုင်းတွင် ကျိုင်းတုံမြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

လူငယ်မျိုးဆက်သစ်များနှင့် နိုင်ငံလက်ရွေးစင်ကစားသမားများ ပေါ်ထွက်လာရေး ACE FC ဘောလုံးအသင်း ဖွဲ့စည်းတည်ထောင်လေ့ကျင့်နေပြီ

နေပြည်တော် ဒီဇင်ဘာ ၈

ACE FC ဘောလုံးအသင်းကို ဆီမီးပရို(ဝါ) နေရှင်နယ်လိဂ်တွင် ပါဝင်ယှဉ်ပြိုင်ပြီး လူငယ်မျိုးဆက်သစ်ကစားသမားများနှင့် နိုင်ငံလက်ရွေးစင်ကစားသမားများ ပေါ်ထွက်လာရေးကို ရည်ရွယ်၍ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ဖွဲ့စည်းတည်ထောင်ခဲ့သည်။

လေ့ကျင့်

ACE FC ဘောလုံးအသင်းဥက္ကဋ္ဌအဖြစ် ဦးဖြိုးကိုကိုတင့်ဆန်းက တာဝန်ယူဆောင်ရွက်ပြီး နည်းပြများအဖြစ် ဦးဇော်ဝင်း(ခ)ဘီနိုးနှင့် ဦးတင်မင်းထွန်းတို့က ဆောင်ရွက်မည်ဖြစ်သည်။ လူငယ်မျိုးဆက်သစ် ကစားသမား ၃ဝအား ရွေးချယ်၍ နံနက် ၇နာရီမှ ၉နာရီခွဲအထိ တစ်ကြိမ်၊ ညနေ ၃နာရီခွဲမှ ၅နာရီခွဲအထိ တစ်ကြိမ်စီဖြင့် ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် မြားပစ်အားကစားကွင်းကြားရှိ လေ့ကျင့်ရေးကွင်း၌ လေ့ကျင့်လျက်ရှိသည်။ **(အောက်ပုံ)**

စခန်းသွင်း

ACE FC ဘောလုံးအသင်းကို အမှတ် ၅ဝသမာဓိလမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်တွင် စခန်းသွင်းထားပြီး ပြိုင်ပွဲ၌အဆင့်အတန်းမီစွာ ယှဉ်ပြိုင်နိုင်ရန် လေ့ကျင့်လျက်ရှိသည်။ နေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ဖြစ်ပါက ပြည်ပမှ နည်းပြနှင့် မြန်မာနည်းပြတစ်ဦးစီ၊ နိုင်ငံခြားသားကစားသမားနှင့် ပြည်တွင်းမှ အရည်အချင်းရှိသည့် ကစားသမားများ ထပ်မံခေါ်ယူမည်ဖြစ်သည်။

ACE FC ဘောလုံးအသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက "နိုင်ငံတော်မှ မြန်မာဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပရိုစနစ်သို့ ကူးပြောင်းပြီး ဆောင်ရွက်နေသည့် အချိန်တွင် ACE ကုမ္ပဏီအနေဖြင့် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ရန်နှင့် လူငယ်မျိုးဆက်သစ်ဘောလုံးသမားများ၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ ပေါ်ထွက်လာရေးတို့ကို ရည်ရွယ်၍ အသင်းကို တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ငွေအား၊ လူအား ကုန်ကျမှုများကို ပဓာနမထားဘဲ အသင်းအောင်မြင်မှုများရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်တို့နှင့် ACE FC ဘောလုံးအသင်းစတင်ဖွဲ့စည်းရန် တွေ့ဆုံစဉ် မူအားဖြင့် သဘောတူခဲ့ကြောင်း၊ ယခုအသင်းတွင် လူငယ်လက်ရွေးစင်ဟောင်းများ၊ ပြည်နယ်နှင့်တိုင်းနှင့် ပထမတန်းတို့တွင် ကစားခဲ့သူများပါဝင်ကြောင်း၊ လိုအပ်လျှင် ထပ်မံခေါ်ယူ ဖြည့်တင်းသွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အသင်းအောင်မြင်မှုရရှိအောင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးစားသွားမည် ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။ ။

(မြန်မာ့အလင်း)

စာကြည့်တိုက်နှစ်ပတ်လည်နေ့ အခမ်းအနား စဥ့်ကိုင်၌ကျင်းပ
စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြော

စဥ့်ကိုင် ဒီဇင်ဘာ ၈

မန္တလေးတိုင်း စဥ့်ကိုင်မြို့နယ် ညောင်ပင်သာကျေးရွာ အေးချမ်းသာ စာကြည့်တိုက် နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာပေဟောပြောပွဲကို နိုဝင်ဘာ ၂၈ရက် ညနေ ၆နာရီက ကျင်းပသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ဝင် ဆရာဆွေနွယ်ဦးက စာအုပ်စာစောင်လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များက စာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူပြီး စာကြည့်တိုက်မှူး ဦးဝင်းနိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆုချီးမြှင့်

အစီအစဉ်အရ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ကျင်းပရာ စဥ့်ကိုင်မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေးက စာဆိုတော်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲ ဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

သာယာဝတီမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

သာယာဝတီ နိုဝင်ဘာ ၃၀

သာယာဝတီမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီသည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ(ဗဟို)မှ အသက်(၇၅)နှစ်နှင့်အထက် မသန်စွမ်းစစ်မှုထမ်းဟောင်းနှင့် ပညာရည်ထူးချွန်သူများအား ထောက်ပံ့ပေးအပ်သော ထောက်ပံ့ငွေများ ထပ်ဆင့်ပေးအပ်သည့်အခမ်းအနားကို နိုဝင်ဘာ ၂၀ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးအေးသောင်း(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ငါးဦးတို့အားတစ်ဦးလျှင်ငွေကျပ်နှစ်သောင်းစီကိုလည်းကောင်း၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးအား ငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မိသားစုအတွင်းမှ ပညာရည်ထူးချွန်သူ ကျောင်းသူတစ်ဦးအား ငွေကျပ်တစ်သောင်းကိုလည်းကောင်း ဗိုလ်ကြီးအေးသောင်း(ငြိမ်း) **(အပေါ်ပုံ)**က ပေးအပ်သည်။

(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)

မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ထောက်ပံ့ငွေပေးအပ်ပွဲ မိတ္ထီလာ၌ ကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၅

မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်ပြင်ပ)နယ်မြေအတွင်းရှိ မိတ္ထီလာ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်း၊ ညောင်ဦးနှင့် ပျော်ဘွယ်မြို့နယ်များမှ အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်ပြင်ပ)ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇောက အဖွင့်အမှာစကားပြောကြားပြီး အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးလျှင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)မှ ငွေကျပ်၂၀၀၀၀၊ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်ပြင်ပ)မှ ငွေကျပ် ၁၀၀၀၀၊ အဖွဲ့ဝင် ၄၄ဦးအတွက် စုစုပေါင်းငွေကျပ် ၁၃၂၀၀၀၀နှင့် ဂုဏ်ထူးရကျောင်းသားတစ်ဦးအတွက် တစ်ဘာသာလျှင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)မှ ငွေကျပ်၁၀၀၀၀နှင့် မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်ပြင်ပ)မှ ငွေကျပ် ၁၀၀၀၀ဖြင့် လေးဘာသာဂုဏ်ထူးရ ကျောင်းသားတစ်ဦးအတွက် ငွေကျပ် ၈၀၀၀၀တို့ကို ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော**(ယာပုံ)**နှင့် တာဝန်ရှိသူတို့က ပေးအပ်ချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ကျောက်တလုံးကြီး နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ရုပ်သံကျွမ်းကျင်-၃ ဒေါ်နွင်းရီတို့သည် နိုဝင်ဘာ ၁၃ရက် နံနက် ၉နာရီက နောင်ခဲကျေးရွာအုပ်စု ထီပြွန်ကျေးရွာ အမှတ်(၂၀၄)အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကို ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက်စတုတ္ထတန်း ကျောင်းသူနန်းခမ်းရိန်က ရွှေသွေးဂျာနယ် အတွဲ(၄၁)၊ အမှတ်(၃၈)မှ ကျော်သူစိုး(အရှေ့တိုင်းပညာ)၏ စာဖတ်ကြစို့ကဗျာကို ဖတ်ကြားရွတ်ဆိုပြီး စတုတ္ထတန်းကျောင်းသူ မနန်းကီးက ရွှေသွေးဂျာနယ် အတွဲ(၄၁)၊ အမှတ်(၃၀)မှ မောင်ပြည့်လှိုင်း(သံတွဲ)၏ ဒို့ကျောင်း ဒို့ဝင်း ဒို့သန့်ရှင်းမယ် ကဗျာကို ဖတ်ကြားရွတ်ဆိုသည်။

တွေ့ဆုံ

ထို့နောက် မြို့နယ်ဦးစီးမှူးသည် ထီပြွန်ကျေးရွာ အောင်မြတ်ခွန်စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့အနယ်နယ်သတင်းများ

ကျောက်ဆည်၌ တက်သစ်စသူရိန် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ကျောက်ဆည် နိုဝင်ဘာ ၂၉

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ရဲမအူကျေးရွာအုပ်စု အုန်းခရိုင်ကျေးရွာ တက်သစ်စသူရိန် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ရက် မွန်းလွဲ ၁နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် ရဲမအူကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဋ္ဌေးလှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းနိုင်တို့က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ စာကြည့်တိုက်စံ(၅)ချက်နှင့် ပြည့်စုံစေရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး သုတရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းနိုင်က လက်ခံယူသည်။

ထို့နောက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ကျင်းပရာ ကျေးရွာလူပျိုအဖွဲ့နှင့်အပျိုအဖွဲ့တို့က ငွေကျပ် ၂၀၀၀၀၊ ဦးသိန်းနိုင်၊ ဦးဖုန်းကျော်နှင့် ဦးအေးကိုတို့က ငွေကျပ် ၅၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ဖွင့်လှစ်

ဆက်လက်၍ အုန်းခရိုင်ကျေးရွာ တက်သစ်စသူရိန်စာကြည့်တိုက်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ အုပ်စုဥက္ကဋ္ဌ ဦးဋ္ဌေးလှိုင်၊ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် ရပ်မိရပ်ဖ ဦးထွန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)



ပညာတံခွန် စာကြည့်တိုက်ဆောက်လုပ် ပေါင်မြို့နယ်၌ ကြည့်ရှုစစ်ဆေး

ပေါင် နိုဝင်ဘာ ၃၀

သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းကြည်စိန်သည် ပေါင်မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးလိုက်ပါလျက် နိုဝင်ဘာ ၂၃ရက် နံနက် ၁၁နာရီက သဲဖြူကုန်းကျေးရွာ၌ နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်နေသည့် ပညာတံခွန်စာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

ထို့နောက် သဲဖြူကုန်းကျေးရွာဥက္ကဋ္ဌ ဦးသန်းအောင်နှင့် စာကြည့်တိုက်ကော်မတီဝင်များအား ၂၀၀၉ ခုနှစ် ဒီဇင်ဘာလကုန်တွင် အပြီးသတ်ဆောက်လုပ်ရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုဝင်ဘာ ၁၈ရက်က ဆားမော်ကျေးရွာနှင့် ထီးချိုင့်ကျေးရွာဆက်သွယ်သည့် ကျေးလက်လမ်းကို ရာသီမရွေး သွားလာနိုင်ရေးအတွက် သဲကျောက်ဖြန့်ခင်းပြုပြင်ရန် ကွင်းဆင်းတိုင်းတာမှုကို ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၀၀၁)

မိုးစပါးသီးနှံများ ရိတ်သိမ်းခြွေလှေ့၊ သိုလှောင်ရာတွင် အလေအလွင့်မရှိစေရေးနှင့် ဆန်ထွက်ကောင်းမွန်ရေးအတွက် နှိုးဆော်ချက်

၁။ ယခုအချိန်အခါတွင် မိုးစပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်ပါသည်။ စပါးရိတ်သိမ်းနယ်လှေ့ခြင်းနှင့် ဆန်အရည်အသွေး ဆက်နွှယ်လျက်ရှိသည်ကိုလည်း စပါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားအများစုအနေဖြင့် သိရှိပြီး ဖြစ်ပါသည်။ ဆန်အကျိုးအကြေအနည်းဆုံးဖြစ်စေရေးအတွက် စပါးကို မောင်းညှိချိန်၌ ရိတ်သိမ်းရန် လိုအပ်ပါသည်။ စပါးပင်တစ်ပင်လုံး၏ ၈၅ရာခိုင်နှုန်းခန့်သည် အဝါရောင်သန်းလာပါက မောင်းညှိချိန်ကာလဟု သတ်မှတ်၏။ စပါးအစိုဓာတ်ဖြင့် တိုင်းတာပြောဆိုလျှင် ၁၉-၂၀ရာခိုင်နှုန်းအတွင်း ရှိနေချိန်ဖြစ်၏။ စပါးအဝါရောင်သန်းလာသည်နှင့်အမျှ စတင်ရိတ်သိမ်းသင့်ပါသည်။

၂။ ရိတ်သိမ်းပြီး စပါးကောက်လှိုင်းများကို ကန်သင်းပေါ်တွင်ဖြစ်စေ၊ အခြားသင့်တော်ရာ တစ်နေရာတွင်ဖြစ်စေ အချိန်ကြာမြင့်စွာ စုပုံထားပါက စပါးသည် စိုလိုက်၊ ခြောက်လိုက် ဖြစ်နေခြင်းကြောင့် အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာပါသည်။ အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာပါက ဆန်ကြိတ်ထွက်နှုန်းကို ထိခိုက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ စက်ဖြင့် ရိတ်သိမ်း၊ ခြွေလှေ့ခြင်းကို ဆောင်ရွက်ရပါမည်။ ခြွေလှေ့ပြီးစပါးများကို သိုလှောင်ရာတွင်လည်း အစိုဓာတ် မတူညီသောစပါးများကို တစ်ခုနှင့်တစ်ခု ရောပုံမိလျှင် အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာရန် အခွင့်အလမ်းများရှိခြင်းကြောင့် တတ်နိုင်သမျှ ခွဲခြားထားရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စပါးရိတ်သိမ်းခြွေလှေ့၊ သိုလှောင်ရာတွင် အလေအလွင့် မရှိစေရန်အတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နှိုးဆော်လိုက်ပါသည်-

(က) စပါးအလေအလွင့်မရှိစေရန် မောင်းညှိချိန်တွင်(ရင့်မှည့်ချိန်)တွင် ရိတ်သိမ်းပါ။
(ခ) ရိတ်သိမ်းပြီးကောက်လှိုင်းများကို စုပုံမထားဘဲ တလင်းပျောက်စနစ်ဖြင့် ချက်ချင်း ခြွေလှေ့ခြင်း၊ သိမ်းဆည်းခြင်းကို အလေးပေး ဆောင်ရွက်ပါ။ ဖြစ်နိုင်ပါက စက်ဖြင့်ရိတ်သိမ်းခြွေလှေ့ပါ။
(ဂ) စပါးအပြီး ဆောင်းသီးထပ် (ပဲသီးနှံ+ဆီထွက်သီးနှံ) စိုက်ပျိုးသောဒေသများတွင်ရိတ်သိမ်းပြီး ကောက်လှိုင်းများကို ကန်သင်းပေါ်တွင် အချိန်ကြာမြင့်စွာ စုပုံထားခြင်း အလေ့အထကိုရှောင်ကြဉ်ရန် လိုအပ်ပါသည်။ ကောက်လှိုင်းများကို အချိန်ကြာမြင့်စွာ စုပုံထားခြင်းဖြင့် အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။
(ဃ) ခြွေလှေ့ပြီးစပါးများကို အစိုဓာတ်၁၄ရာခိုင်နှုန်းအောက်ရရှိစေရန် နေလှန်း၍ အမိုးအကာအောက်ရောက်အောင် ဆောင်ရွက်ပါ။
(င) ရိတ်သိမ်းပြီး ကောက်လှိုင်းများကို ချက်ချင်းခြွေလှေ့ရန် အချိန်မမီပါက လယ်ကွက်ထဲတွင်မထားဘဲ အမိုးအကာအောက်ရောက်အောင် ချက်ချင်းပို့ခြင်းသို့မဟုတ် ကောက်လှိုင်းများရွှေ့ပြောင်းရန် အချိန်မမီပါက တာလပတ်၊ ပလတ်စတစ် စသည့် အမိုးအကာနှင့် ဖုံးအုပ်ထားပါ။
(စ) တလင်းအတွင်း ကောက်ပြန့်တွင် မိုးမိပါက ကောက်ရိုးများ အမြန်ဆုံးဖယ်ရှားပြီး ရေစိုစပါးများကို နေလှန်းအခြောက်ခံပါ။
(ဆ) ကောက်လှိုင်းများခြွေခြင်း၊ ခြွေပြီးစပါးများ အမြန်ရွှေ့ပြောင်းခြင်း၊ ကောက်လှိုင်းများ အဖုံးအကာများဖြင့် ဖုံးအုပ်ခြင်းစသော လုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့်လည်းကောင်း၊ ဖွဲ့စည်းထားသော ဆယ်လယ်စု အင်အားဖြင့်လည်းကောင်း၊လူအင်အား၊စက်အင်အား အပြည့်အဝအသုံးပြု၍လည်းကောင်း ဆောင်ရွက်ပါ။
(ဇ) ခြွေလှေ့ပြီးစပါးများကို စပါးအခြောက်ခံကိရိယာ(Paddy Dryer)များကို အသုံးပြု၍ အစိုဓာတ်များကို လျှော့နည်းအောင် ဆောင်ရွက်ပါ။
(ဈ) စပါးမသိုလှောင်မီ ဖုန်၊ သဲ၊ ခဲများမပါဝင်စေရန် စနစ်တကျ သန့်စင်ပေးရပါမည်။ ဆန်ဝါဖြစ်စေနိုင်သော အဏုဇီဝပိုးများသည် သိုလှောင်ရုံတွင် ဖုန်၊ သဲ၊ ခဲများနှင့်အတူ တွယ်ကပ်ပေါက်ပွား လှုပ်ရှားနိုင်သောကြောင့် ဖုန်၊ သဲ၊ ခဲ မပါဝင်စေရန် ဆောင်ရွက်ရပါမည်။

၃။ အထက်ပါအချက်များကို စပါးစိုက်ပျိုးထုတ်လုပ်သူများ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်နှင့် အကယ်၍ မလိုက်နာပါက လယ်တစ်ဧကလျှင် စပါးသုံးတင်းနှင့်အထက် လေလွင့်ဆုံးရှုံးနိုင်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး၏ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်ပြီး ယင်းပမာဏသည်လူဦးရေ ၃ဒသမ၄သန်းအတွက် တစ်နှစ်စာစားသုံးနိုင်ပါသည်။ထို့အပြင် ဝယ်ယူ၊ သိုလှောင်၊ကြိတ်ခွဲရာတွင် ဆန်အရည်အသွေးညံ့ဖျင်းသည့် ဆန်ဝါများဖြစ်စေပြီး ဆန်အကျိုးအကြေများ၍ ဈေးကွက်တွင် ရောင်းပန်းမလှဖြစ်ခြင်း၊ စားသုံးရာတွင် အဆင့်မမီခြင်းများ ဖြစ်ပေါ်စေပါသည်။

၄။ ဖော်ပြပါအချက်များကိုကျော်လွှားနိုင်ရန် ဤနှိုးဆော်ချက်များကိုစွမ်းနိုင်သမျှလိုက်နာကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

ယာဉ်စည်းကမ်းလိုက်နာရေး တောင်ကုတ်တွင် စစ်ဆေး

တောင်ကုတ် ဒီဇင်ဘာ ၂

တောင်ကုတ်မြို့နယ် ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးငွေစိုး၊ အကြီးတန်းစာရေးဦးသန့်ဇင်နှင့် မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးချစ်မြတို့ပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် နံနက် ၈နာရီက ယာဉ်လိုင်စင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်လိုင်စင်များ ပြည့်စုံမှုရှိမရှိ၊ ယာဉ်စည်းကမ်းလိုက်နာမှု ရှိမရှိနှင့် မီးသတ်ဆေးဘူးများ တပ်ဆင်ထားခြင်းရှိမရှိတို့ကို စနစ်တကျ စစ်ဆေးကြောင်း သိရသည်။ **(ဓါတ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

သရက်ချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးအတွက် ကွန်ကရစ်တုံးများ ဆောင်ရွက်ခြင်းလုပ်ငန်းကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာဦးလင်းသက်ထွန်းတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုင်းဖြတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ပြီးစီးသော ကွက်သစ်(၁)လမ်း လမ်းဖြတ်ရေမြောင်းတံတား ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ၂၁ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောသီဟက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပုဇွန်တောင်၌ မူးယစ်ဆေးဝါး ကာကွယ်ရေး ပညာပေးဟောပြော

ပုဇွန်တောင်၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ၏ အန္တရာယ်ဆိုးကျိုးများ၊ မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၄ရက် နံနက် ၁၀နာရီက ပုဇွန်တောင်မြို့နယ် အထက(၄) ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ဟောပြောပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးပုက အဖွင့်အမှာစကားပြောကြားပြီး ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှရီက လူငယ်လူရွယ်များ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ၏ အန္တရာယ်ဆိုးကျိုးများ အသိပေးဖြစ်စဉ်များကိုလည်းကောင်း၊ စခန်းမှူးရဲအုပ်လှသိန်းက မှုခင်းကျဆင်းရေးနှင့် ကလေးသူငယ်များ အဓမ္မလိင်စေခိုင်းမှုများ ပပျောက်စေရေး အသိပညာပေးခြင်းလုပ်ငန်းကိုလည်းကောင်း၊ ရန်ကုန်တိုင်း မူးယစ်အထူး (အရှေ့)ဒုတိယရဲအုပ်နေလင်းထွန်းက မူးယစ်ဆေးဝါး အဆင့်ဆင့်ဖြစ်ပေါ်လာပုံနှင့် အိမ်သုံးဆေးဝါး အန္တရာယ်ဆိုးကျိုးများကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။ **(အောက်ပုံ)**

ပညာပေးဟောပြော

ဆက်လက်၍ အထက(၄) ကျောင်းအုပ်ဆရာမကြီးဒေါက်တာဒေါ်နုနုရွှေ၊ ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ခင်သီတာလှိုင်၊ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးဆန်းထွဋ်နှင့် ဒုတိယမြို့နယ်တရားသူကြီးဦးမြင့်ဌေးတို့က ပညာပေးဟောပြောကြသည်။ **(မြို့နယ်ရဲတပ်ဖွဲ့)**

မဟာအောင်မြေ၌ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

မန္တလေး ဒီဇင်ဘာ ၅

မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးဝန်ထမ်းများ စာဖတ်စွမ်းရည်မြင့်မားရေး စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ရက် နံနက်၁၀နာရီက မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင်တင်မင်းကျော်၏ အလှဆင်၊ တစ်သွင်ပြောင်း အားသစ်လောင်းသောနေ့ ဆောင်းပါးကို စာထောက်-၃ ဒေါ်နွဲ့နွဲ့ကြူကလည်းကောင်း၊ ဒို့ကျေးရွာဂျာနယ်ပါ ဆောင်းပါးရှင်နိုင်သင်းခိုင်၏ ကျေးလက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပိုမိုကြိုးပမ်းဆောင်ရွက်မည် ဆောင်းပါးကိုရုပ်သံကျွမ်းကျင်-၃ဒေါ်သရဖီဖြိုးက လည်းကောင်း ဖတ်ကြားကြပြီး မြို့နယ်ဦးစီးမှူးဒေါ်မြင့်မြင့်သန်းကဆောင်းပါးများ၏ အနှစ်သာရကို အပြန်အလှန် ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖန်းမော်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ဆွေးနွေး

ဖန်းမော် ဒီဇင်ဘာ ၇

ကချင်ပြည်နယ် ဖန်းမော်ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၀၉-၂၀၁၀ ခုနှစ် ဒုတိယခြောက်လပတ်အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်မှူးရုံးခန်း၌ ဒီဇင်ဘာ ၄ရက် နံနက် ၉နာရီက ကျင်းပသည်။

လမ်းညွှန်မှာကြား

ခရိုင်ဦးစီးမှူး ဒေါက်တာစိုးသိမ်း(လက်ထောက်ညွှန်ကြားရေးမှူး)က ဝန်ကြီး၏ မှာကြားချက်ဖြစ်သော ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ အသားကဏ္ဍ လျာထားချက် ပြည့်မီရေး၊ ကမ္ဘာ့လူတုပ်ကွေး A(H1N1)၊ကြက်ငှက်တုပ်ကွေး(H5N1) ရောဂါ ပြည်သူအကြားပညာပေးရေး၊ မွေးမြူရေးကဏ္ဍ တိုးတက်စေရေး စည်းရုံးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆွေးနွေး

အဆိုပါ အစည်းအဝေးသို့ ဖန်းမော်ခရိုင်အတွင်းရှိ မြို့နယ်နှင့်မြို့များမှ ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူး၊ဒုတိယဦးစီးမှူးနှင့် တိရစ္ဆာန်ကျန်းမာရေးမှူးများ တက်ရောက်ကြပြီး ဆောင်ရွက်မည့်လုပ်ငန်း အခြေအနေများကိုတင်ပြကြရာ လက်ထောက်ညွှန်ကြားရေးမှူးက ဖြည့်စွက်ဆွေးနွေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မစည်ပင်သာယာဈေးအတွင်း အသား၊ ငါးဆိုင်တန်းများ ယင်လုံဆန်ခါဖြင့် ရောင်းချမှုနှင့် သန့်ရှင်းရေးဆောင်ရွက်ထားမှု အခြေအနေတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့်ဝန်ထမ်းများ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးလုပ်ငန်း ဖြစ်သော ပယ်ကျကျေးရွာ မိုးရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၇ ရက်က ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖန်းမောက်၌ အရန်မီးသတ်လေ့ကျင့်ရေး သင်တန်းဆင်း

ဖန်းမောက် နိုဝင်ဘာ ၃၀

ကသာခရိုင် ဖန်းမောက်မြို့၌ အရန်မီးသတ်လေ့ကျင့်ရေးသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၈နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးလွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်သိန်းက သင်တန်းနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်သိန်းက သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသား ဦးမြင့်ဇော်ဦးက လက်ခံယူသည်။ ***(မြို့နယ် ပြန်/ဆက်)***

ဆိပ်ဖြူ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သည့် ချောင်းမကြီး-အရှေ့ကံတွင်းကျေးရွာ ချင်းဆက်လမ်း မြေနီကျောက်ချောလမ်းခင်းမှုကို နိုဝင်ဘာ ၂၇ရက်က အမှုဆောင် အရာရှိ ဦးအောင်ဆွေနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်အောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

လင်းခေး၌ မိုးစပါးရွှေရင်အေး စံကွက်ရိတ်သိမ်း

လင်းခေး ဒီဇင်ဘာ ၄

လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာအုပ်စု တောင်သူဦးသြဇေယျ၏ လယ်ပင်ထနောင်းကွင်းအမှတ်(၃) ဦးပိုင်(၉၆)တွင် မိုးစပါး ရွှေရင်အေးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြပြီး စံကွက်ဧကရိတ်သိမ်းရာတွင် စပါးအထွက်နှုန်း တစ်ဧကလျှင် ၁၄၂ ဒသမ ၄၀ တင်း ထွက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စဉ့်ကူးမြို့နယ် ရွှေပြည်-တောင်အင်းကျေးရွာချင်းဆက် ကိုင်းချောင်းတံတားဖွင့်

စဉ့်ကူး နိုဝင်ဘာ ၃၀

စဉ့်ကူးမြို့နယ် တောင်အင်းကျေးရွာအုပ်စု ရွှေပြည်-တောင်အင်းကျေးရွာချင်းဆက် ကိုင်းချောင်းတံတားဖွင့်ပွဲကို နိုဝင်ဘာ ၂၈ရက် နံနက် ၉နာရီက အဆိုပါတံတားထိပ်မုခ်ဦး၌ ကျင်းပသည်။

အဆိုပါ တံတားဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်လွင်၊ အတွင်းရေးမှူး ဦးသန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာလူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ ကျေးရွာဥက္ကဋ္ဌဦးအေးဆောင်နှင့် အလှူရှင်တို့က ကိုင်းချောင်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** အဆိုပါ တံတားပေါ်မှ ဖြတ်သန်း ကြည့်ရှုကြသည်။

ပြန်လည်တည်ဆောက်

အဆိုပါ တံတားကို မြစ်ရေဝင်ကျေးရွာများနှင့် ကုန်းပိုင်းဒေသကျေးရွာများမှ ပြည်သူများသွားလာမှု လွယ်ကူစေရေးအတွက် အလှူရှင် ရန်ကုန်မြို့နေ ဦးစိုးရ-ဒေါ်ခင်ခင်ညွန့်တို့အား ရည်စူး၍ သား သမီး၊ မြေးမြစ်တစ်စုက ငွေကျပ် ၂၅သိန်းဖြင့် အကုန်အကျခံ၍ ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ (မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၈ ရက်က ကျောက်မဲမြို့ အမှတ်(၂) အထက ပတ္တမြားခန်းမဆောင်၌ကျင်းပရာ ကျောက်မဲခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးဦးဆန်းယုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရှောင်ကြဉ်ရမည့်ကိစ္စရပ်များနှင့် မော်တော်ဆိုင်ကယ်အန္တရာယ်ဖြစ်မှု လျှော့နည်းကျဆင်းရေးအကြောင်းများ ရှင်းလင်းပြောကြားစဉ်။ (၀၂၀)

အခြေခံပညာအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်သင်ကြားမှု စွမ်းရည်မြင့်မားရေး မွမ်းမံသင်တန်းဆင်းပွဲ ပြည်၌ကျင်းပ

ပြည် ဒီဇင်ဘာ ၇

ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်းရှိ အခြေခံပညာကျောင်းများ အရည်အသွေးမြင့်မားရေးအတွက် အခြေခံပညာအဆင့်အလိုက် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် သင်ကြားမှုစွမ်းရည်မြင့်မားရေး မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၈ နာရီက ပြည်မြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်သော်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမြင့်က သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆိုပါ သင်တန်းသို့ တက်ရောက်ခဲ့ကြသော သင်တန်းသားများအား တိုင်းဒုတိယဥက္ကဋ္ဌဗိုလ်မှူးချုပ်စိန်မြင့်က သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

လက်ခံယူ

ဆက်လက်၍ ပညာဒါနအလှူရှင်များက အလှူငွေများ ပေးအပ်ရာ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ အတွင်းရေးမှူး ဦးမောင်မောင်အောင်နှင့် အဖွဲ့ဝင်(၁)ရဲမှူးကြီးမျိုးဆွေဝင်းတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်ကြောင်း သိရသည်။ (တိုင်း ပြန်/ဆက်)

မင်းတပ်မြို့နယ်အတွင်းရှိစာကြည့်တိုက်များသို့ သတင်းစာများလှူဒါန်းပွဲနှင့် ဟောပြောပွဲကျင်းပ

မင်းတပ် ဒီဇင်ဘာ ၅

မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ သတင်းစာများလှူဒါန်းပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် ည ၇ နာရီက မင်းတပ်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး မင်းတပ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းလှူဒါန်းထားသော သတင်းစာများကို ခရိုင်ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက ကျေးရွာ ၄၆ ရွာသို့ လှူဒါန်းရာ သက်ဆိုင်ရာ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။

(ခရိုင် ပြန်/ဆက်)

မြဝတီခရိုင် မြဝတီမြို့နယ် ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံးအသုံးပြုရေးစီမံချက် အသိပေးရှင်းလင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ၂ရက်က မြို့နယ်ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာဇင်လှမောင်က စီမံချက်နှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းတင်ပြစဉ်။ (၁၀၁)

ကျိုက္ကလီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဘိုကလေး-လှေကြီးချိုင်ကျေးရွာသွားလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို မြို့နယ်တာဝန်ခံဦးမောင်စိန် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းလင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သီးနှံများ ပိုးမွှားအန္တရာယ်မကျရောက်ရေး ကြိုတင်ကာကွယ်ရေး ရေကြည်၌ ဆောင်ရွက်

ပုသိမ် ဒီဇင်ဘာ ၁

ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်စိုက်တိုးမြှင့်ဥက္ကဋ္ဌဦးသန်းမြင့်သည် အဖွဲ့ဝင်များဖြစ်သည့် ရေကြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ဝေ၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ရှိန်၊ ခရိုင်ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအုန်းလှိုင်၊ ငသိုင်းချောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးရန်လင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၅ရက်က ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့ ဒေါင့်ကြီးဘက်ကျေးရွာအုပ်စုရှိ ပဲမျိုးစုံနှင့် နေကြာ သီးထပ်သီးညှပ် စိုက်ခင်းများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ ရေကြည်မြို့နယ် စိုက်တိုးမြှင့်ဥက္ကဋ္ဌ ဦးကျော်ကျော်ဝေနှင့် အဖွဲ့က စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌက ဆောင်းသီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ပိုးမွှားအန္တရာယ်မကျရောက်ရေးအတွက် ကြိုတင်ကာကွယ်ရေး၊ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို အလေးထား လိုက်နာဆောင်ရွက်ရေးမှာကြားပြီး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သာစည်မြို့နယ်တွင် ပလတ်စတစ်အိတ်ပါး(ကြွပ်ကြွပ်အိတ်) ကင်းစင်နယ်မြေဖြစ်စေရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၅ရက်က မြို့မဈေး၌ ကျင်းပရာ တက်ရောက်လာသူ ဈေးသူဈေးသားများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးက ရှင်းလင်းပြောကြားစဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် မြောင်းမြမြို့ ဒိုဘီကုန်းလမ်းကတ္တရာခင်းခြင်း လုပ်ငန်းကို ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး)ဦးသန်းဝင်းတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဟားခါး၌ စာကြည့်တိုက်တည်ဆောက်ရေးလုပ်ငန်း သတ်မှတ်ကာလအတွင်း ပြီးစီးရေးဆွေးနွေး

ဟားခါး နိုဝင်ဘာ ၃၀

နိုင်ငံတော်မတည်ငွေဖြင့် တည်ဆောက်မည့် ချင်းပြည်နယ် ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာ(ဇိန်မူ) စာကြည့်တိုက် တည်ဆောက်ရေးလုပ်ငန်း တိုးတက်မှုကို ဟားခါးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရှိန်းတမ်နှင့် စာထောက်(၃) ဒေါ်တီလ်နောန်းတို့ နိုဝင်ဘာ ၆ရက်က ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဟားခါးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နံရံကပ်စာစောင်ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ချွန်ကျုံးကျေးရွာ အလက ကျောင်း၌ ကျင်းပရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများ လာရောက် ကြည့်ရှုကြသည်။ **(မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

မူးယစ်ဆေးဝါးမှောင်ခိုသူများ ဆူဒိုအက်ဖီဒရင်း အိမ်သုံးဆေးဝါးများကို နည်းမျိုးစုံဖြင့်တင်သွင်းလာခဲ့ စိတ်ကြွဆေးထုတ်လုပ်ရာမှာ အက်ဖီဒရင်းဓာတုပစ္စည်းများ ပြန်လည်ထုတ်ယူနိုင်ကြောင်း ဖော်ထုတ်သိရှိ

တရားမဝင်လမ်းကြောင်းမှ စီးဝင်မလာရန် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အလွန်အရေးကြီး

နေပြည်တော် ဒီဇင်ဘာ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်မြေအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနား (The Destruction Ceremony of Narcotic Drugs in Eastern Shan State) ကို ယနေ့မွန်းလွဲ ၂နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။